# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၇)ရက် ၊ တနင်္လာနေ့ ၊ (6-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၆၇)


**ဒို့တာဝန်အရေးသုံးပါး**

❖ ပြည်ထောင်စုမပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လွှန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။


နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး(Minister in Attendance) မစ္စတာ ထောင်ဆာဗန်ဖုန်ဗီဟေးနှင့် ဇနီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ စာမျက်နှာ ၁၉ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်

နေပြည်တော် ဇူလိုင် ၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿ ပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့(Sittwe)၏ အနောက်-အနောက်မြောက်ဘက် စာမျက်နှာ ၁၆ ကော်လံ ၁




**နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း သို့မဟုတ် မဲခေါင်မြစ်ဝှမ်းမှ သတင်းစကား(၂)**

ဆောင်းပါး စာမျက်နှာ - ၂၀

**သာယာဝပြောသော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး**

ဆောင်းပါး စာမျက်နှာ - ၁၀

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် အရောင်းပြခန်းများ၌ လာရောက်လေ့လာဝယ်ယူအားပေးသူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် စည်ကား

နေပြည်တော် ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်း၊လူသုံးကုန်ပစ္စည်း၊စားသောက်ကုန်ပစ္စည်း အရောင်းပြခန်းများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ဇူလိုင် ၃ ရက်မှ ၅ ရက်ထိ ဖွင့်လှစ်ရောင်းချပေးရာ လာရောက်လေ့လာ ဝယ်ယူအားပေးသူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်အရောင်းပြခန်းများ၌ လာရောက်လေ့လာဝယ်ယူအားပေးသူများနှင့် စည်ကားလျက်ရှိစဉ်။

ရတနာပုံ

၂၀၁၆ ခုနှစ် ဇူလိုင် ၆ ရက်

အယ်ဒီတာ့အာဘော်

# ကျေးလက်မှသည်မြို့ပြအထိ သန့်ရှင်း၊ စိမ်းလန်းသော မြို့ရွာများပေါ်ထွန်းလာစေရေး

ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရေးနှင့်မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းစေရေးတို့အတွက် နိုင်ငံအသီးသီးက ဆယ်စုနှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုရန်နှင့် ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် ဇူလိုင် ၆ ရက်ကို "ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့"အဖြစ် သတ်မှတ်ခဲ့သည်။ ဤသည်မှာ ကမ္ဘာတစ်ဝန်းရှိ ကျေးလက်ဒေသများ၏ အရေးကြီးပုံကို ကမ္ဘာ့ခေါင်းဆောင်များက အလေးအနက်ထား အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်ပေသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အတွက် ဆောင်ပုဒ်မှာ **"တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်း ဖော်ဆောင်ရေး"**ဖြစ်သည်။ တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေးဆိုသည်မှာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ရပ်ရွာလူထုကိုယ်တိုင် ပါဝင်လှုပ်ရှားခွင့်ရရှိခြင်းတို့ဖြင့် ဒေသတွင်းရေရှည်တည်တံ့သော တိုးတက်မှုကို တည်ဆောက်ခြင်းပင်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ်ကောင်းမွန်သော ကျေးရွာများ၊ ခေတ်မီစနစ်ကျပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သော ကျေးရွာများဖော်ဆောင်ရေးကို မဖြစ်မနေဦးစားပေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့ပြင် ကျေးလက်ဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ သစ်တောသစ်ပင်များ ပြုစုပျိုးထောင်ခြင်း၊ စွန့်ပစ်အမှိုက်စနစ်တကျ စီမံခန့်ခွဲခြင်းများကိုလည်း အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုပေသည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်မှသာ ကျေးရွာများသန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ပြီး ခေတ်မီနည်းပညာများကို အသုံးချနိုင်သည့် စံပြကျေးရွာများ (Clean, Green and Smart Villages) အဖြစ်သို့ အသွင်ကူးပြောင်းနိုင်မည်ဖြစ်ပေသည်။

အလားတူ လမ်းပန်းဆက်သွယ်ရေးသည် ကျေးလက်ဖွံ့ဖြိုးရေး အတွက် အလွန်အရေးကြီးလှပေသည်။ ထို့ကြောင့် ကျေးလက်လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုသည်။ ရာသီမရွေးသွားလာနိုင်သော ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများနှင့် ဆက်စပ်ချိတ်ဆက်နေသော ကျေးရွာတွင်းလမ်းများကောင်းမွန်နေမှသာ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူရယူနိုင်မည်ဖြစ်ပြီး ကျေးလက်နေတောင်သူများ၏ ကုန်ထုတ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။

**"ကျေးလက်ဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးမည်"** ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားလာရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် မဟာဗျူဟာချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှသာ မြို့ပြနှင့်ကျေးလက်ကွာဟမှု ကျဉ်းမြောင်းလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်မှသည်မြို့ပြအထိ သန့်ရှင်း၊ စိမ်းလန်းပြီး ခေတ်မီသည့်မြို့ရွာများ ပေါ်ထွန်းလာစေရေးအတွက် တာဝန်ရှိသူများအားလုံးနှင့်ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ တက်တက်ကြွကြွ ဝိုင်းဝန်းလက်တွဲ တည်ဆောက်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၇၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၇၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်း မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၃၆၁၄၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၇၃၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲကေ ၃၆၁၄၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ၁၉၇၃၂ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးသွားပါမယ်" ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကဏန်းပျော့ ပိဿာချိန် ၃၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အရင်ကထက် ပိုမိုဝယ်ယူခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ကဏန်းပျော့တွေ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ ထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်" ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့တစ်ပိဿာလျှင် အရွယ်အစားနှင့် လတ်ဆတ်မှုပေါ် မူတည်ပြီး ငွေကျပ် ၂၅၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ငပုတောမြို့နယ်မှ ထွက်ရှိသည့် ကဏန်းပျော့များ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကဏန်းမွေးမြူသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်ကပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# အမရပူရမြို့နယ် သာလှအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ သာလှအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၉ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၇ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ခြောက်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ရန်ပုံငွေကျပ် ၃၃သန်းထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ဆက်လက်ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်း သက်သာသည့် ငွေကြေးအရင်း အနှီးများ ရရှိစေရန်ရည်ရွယ်၍ ကျောက်တလုံးကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူး ဦးလှဝင်းကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်တလုံး ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၈ ဒသမ ၄၅ သန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူသုံးဦးကို ငွေကျပ် သုည ဒသမ ၃၅ သန်းနှင့် အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၁ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာလည် ပတ်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# စဥ့်ကိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**စဥ့်ကိုင် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ် စကားဝိုင်းကို ဇူလိုင် ၄ ရက်က တောမကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခြေခံပညာ အလယ်တန်းကျောင်း (တောမ) ကျောင်းအုပ်ဆရာမကြီးက အဖွင့် အမှာစကား ပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေ ဖြင့် ပြင်ပစာပေဗဟုသုတများကို လေ့လာ ဖတ်ရှုတတ်စေရန်၊ လူငယ်အချင်းချင်း ချစ်ခင်ရင်းနှီး မှုနှင့် ပူးပေါင်းဆောင်ရွက်တတ် သည့် အလေ့အကျင့်ကောင်းများ ကိုရရှိစေရန်နှင့် စဉ်းစားဉာဏ်နှင့် အတွေးအခေါ်များကို ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ကျင်းပ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာ အလယ်တန်းကျောင်း (တောမ) ကျောင်းသား၊ ကျောင်းသူများက ပတ်ဝန်းကျင်ကောင်းမှ လူငယ် တွေ အနာဂတ်လှပ၊ စာဖတ်ခြင်း နှင့်စာရိတ္တမြှင့်တင်ခြင်း၊ (၂၁) ရာစု လူငယ်များအတွက် မရှိမဖြစ် လိုအပ်သောစွမ်းရည်များ၊ လူငယ် နှင့် လူမှန်ကြီး စသည့်ခေါင်းစဉ်များ ဖြင့် အသီးသီးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၁၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစား ပြောင်း ၁၁၄၈ ဧကထိ စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစား ပြောင်း ၁၈၁၇ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ကောလင်း မြို့နယ်တွင် ၇၁၆ ဧက၊ ဝန်းသို မြို့နယ်တွင် ၂၇၉ ဧကနှင့် ပင်လယ်ဘူးမြို့နယ်တွင် ၁၅၃ ဧက စုစုပေါင်း ၁၁၄၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဖူးစားပြောင်း ဧက ၁၈၀၀ ကျော် စိုက်ပျိုးဖို့လျာ ထားပါတယ်။ လျာထားဧကပြည့် မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင် မြင်ဖို့အတွက် အသိပညာပေးတာ တွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ နဲ့ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲ ဖို့ အသိပညာပေးတာတွေကို ဆောင်ရွက် ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ကောလင်းခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း စိုက် ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်း မြို့နယ်တွင် ဖူးစားပြောင်း ၁၁၃၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ဖူးစား ပြောင်း ၆၈၂ ဧက စုစုပေါင်း ၁၈၁၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံ စေမည့်အပြင် ပိုလျှံမှုကို ရောင်းချ နိုင်သဖြင့် ဝင်ငွေရရှိကာ လူမှု စီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် ဖူးစား ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။

**(၂၀၆)**

# သာစည်မြို့နယ် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဆည်ကြီးမြောက် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်း က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် သာစည်မြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်း ရန်ပုံ ငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူ ရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးမြောက်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေး ထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လ အတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါး နှင့် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ပြီးခဲ့သည့် မေလက ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတစ်လ အတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ရေ ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ရက် ၉၀ ဆန်အိတ်ရေအများအပြား ရန်ကုန်ဈေး ကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက် ကုန်တွေနဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန် ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချ နေပါတယ်။ ရက် ၉၀ ဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာ ဖြစ်ပါတယ်။ အခုလထဲမှာလဲ ရက် ၉၀ ဆန်တွေ အများအပြားဝယ်ယူဖို့ ချိတ် ဆက်မှုတွေရှိနေပါတယ် ''ဟု ညောင်တုန်း မြို့နယ် ဆန်စပါးနှင့်လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များ အရောင်းအဝယ်ကောင်းလာ သည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင် များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ် အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိ ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါး နှင့် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဌေးက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# နားထောင်ခြင်း အနုပညာ

ချစ်နိုင်(စိတ်ပညာ)

စာဖတ်သူများနဲ့စာရေးသူဟာ လူငယ်များကို နိုင်ငံ့သားကောင်း တစ်ယောက်ဖြစ်အောင် ပညာရည် ထူးချွန်အောင်၊ ကျန်းမာသန်စွမ်းအောင် လေ့ကျင့်ပျိုးထောင်ရန်အရေးကြီးကြောင်း အားလုံးသိကြပါတယ်။ လူငယ်တွေကို ကိုယ်စီစွမ်းရည်မြင့်မားအောင် ပြုစုဖို့ဆိုတာ ပထမ မိသားစုဘဝ၊ မိဘကစတင်ပြီး စနစ်တကျ ထိရောက်ဖို့လိုအပ်ပါတယ်။ မိဘရင်ခွင်နေအိမ်မှစတင်ထွက်ခွာရချိန်ဟာ ကလေးတစ်ဦးအနေနဲ့ အင်မတန်ကြီးမား ထူးခြားတဲ့အပြောင်းအလဲပါပဲ။ အဲဒါကတော့ကျောင်းကို ကျောင်းတက်သွားရခြင်းပါ။

မမြင်ဖူးသူတွေနဲ့တွေ့ရမယ်။ မခင်မင်ဖူးခဲ့သူတွေကို ဆရာ၊ ဆရာမလို့လက်ခံရမယ်။ အလိုက်သင့်အထာကျအောင် အံဝင်ခွင်ကျဖို့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းကြိုးစားရုန်းကန်ခဲ့ကြရပါတယ်။ မိမိလူကြီးဖြစ်လာတဲ့အခါ ပြန်တွေးကြည့်ရင် ရယ်စရာကောင်းတဲ့ အသေးအဖွဲလိုလိုပါပဲ။ စာရေးသူတော့ နှစ်လသုံးလလောက် ကျောင်းဖွင့်စ သူငယ်တန်းဘဝမှာ ကျောင်းပြေးခဲ့တာ အမှတ်တရပဲ။ ကျောင်းမပျော်ပါ။

လူငယ်တွေရဲ့ဘဝ၊ လူငယ်တွေရဲ့စိတ်အခြေအနေနဲ့ ခံစားချက် စတဲ့အရာတွေကို မိဘများ၊ ဆရာများ ပိုမိုနားလည်စာနာတတ်ရင် သူတို့ကို ပျိုးထောင်လေ့ကျင့်ပေးနေကြတာတွေ သိသိသာသာ ပိုမိုအောင်မြင်လာမှာပါ။

စာရေးသူက လူတတ်ကြီးလုပ်ပြီး ဆရာလာလုပ်နေတယ်တော့ မထင်စေလိုပါ။ တက္ကသိုလ်ရောက်လို့ တတိယနှစ် စိတ်ပညာဘာသာရပ်တွေသင်ရမှ ကလေးစိတ်ပညာ၊ ဖွံ့ဖြိုးမှုစိတ်ပညာ၊ ပညာရေးစိတ်ပညာ စတဲ့လူ့သဘော လူ့သဘာဝ၊ စိတ်ပိုင်း၊ ရုပ်ပိုင်း အပြုအမူတွေကို လေ့လာသင်ယူလာရမှ ရေးတေးတေးသဘောပေါက်ခဲ့ရတာပါ။ နောက်တော့ မိမိစိတ်ဝင်စားမှုအရ စိတ်ပညာခေတ်မီပြင်ပစာအုပ်တွေပါ လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုခွင့်ရခဲ့တာလည်း အကျိုးရှိပါတယ်။ အမေရိကန်နိုင်ငံမှ ပြန်လာစ၊ ဆရာကြီးဦးခင်မောင်တင့်(စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်)ဟာ မန်းတက္ကသိုလ်စိတ်ပညာဌာနကိုစတင်အုတ်မြစ်ချ ထူထောင်ခဲ့ရာမှာ စိတ်ပညာဌာနပိုင်စာကြည့်တိုက်ကို (၁၉၆၀ ပြည့်နှစ်ကာလ) သူ့အချိန်အခါအလိုက် ခေတ်အမီဆုံး စာအုပ်စာတမ်းတွေကို အပြည့်စုံဆုံးဖြစ်ရအောင် အထူးကြိုးပမ်းထမ်းဆောင်ခဲ့တဲ့ ကျေးဇူးကလည်း အလွန်ကြီးမားပါပေတယ်။

စာအုပ်ကြီးတွေ ဘယ်လောက်ကောင်းကောင်း၊ စာအုပ်အရေအတွက် ဘယ်လောက်ပဲများများ၊ ငှားသူဖတ်သူမရှိရင်တော့လည်း အကျိုးမများလှဘူးဆိုတာတော့ ကိုယ်တွေ့မျက်မြင်ပါပဲ။ လူတိုင်းတော့ စာဖတ်ဝါသနာမပါ။

စာဖတ်တဲ့ဝါသနာ၊ အလေ့အကျင့်က အလယ်တန်းကျောင်းသားအရွယ်၊ အထက်တန်းကျောင်းသားအရွယ်လောက်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးမှ ထိရောက်နိုင်ပါတယ်။ အထက်တန်းကျောင်းများမှာ လူငယ်တွေဖတ်သင့်တဲ့ စာအုပ်မျိုးတွေကို ပညာရေးဝန်ကြီးဌာနကလည်း များများထုတ်ပေး၊ ထားပေးရမှာဖြစ်သလို ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ လူငယ်ရေးရာ၊ အမျိုးသမီးရေးရာ၊ ဥပဒေရေးရာ အစရှိတဲ့ ဝန်ကြီးဌာနများကလည်း အထက်တန်းကျောင်း တစ်နိုင်ငံလုံး ထောင်ပေါင်းများစွာအတွက် (အနာဂတ်လူငယ်များအတွက်) မြေဆီထည့်ခြင်း၊ ရေလောင်းခြင်းမပြုဘဲနဲ့တော့ လူငယ်တွေပြောမရ ဆိုမရ ရိုင်းစိုင်းပေတော၊ နိုင်ငံနဲ့လူမျိုးအတွက် ညံ့ဖျင်းတဲ့မျိုးဆက်သစ်တွေ သီးပွင့်နေတာ အဆန်းမဟုတ်ပါ။

တက္ကသိုလ်ဆိုတာကတော့ တက္ကသိုလ်ဆရာမက အလယ်တန်း၊ အထက်တန်းလို ကျောင်းသားတစ်ဦးချင်းစီကို အာရုံစိုက်ပြီး သွန်သင်ဆုံးမ မနေနိုင်တော့ဘူးလေ။ စာကြည့်တိုက်သွား၊ စာအုပ်ရှာငှား၊ စာများများဖတ်၊ ဒါမှတက္ကသိုလ်အဆင့် ကိုယ်ပိုင်ဉာဏ်နဲ့ဝေဖန်သုံးသပ်ဆုံးဖြတ်တတ်မှာလို့သာ ပြောပေမှာပေါ့။

စာမဖတ်ဘဲနဲ့တော့ ခေါင်းဆောင်ကောင်းမဖြစ်လာနိုင်ဘူး။ ခေါင်းဆောင်နေရာ ရောက်လာကြသူတွေဟာလည်း ဘယ်နယ်ပယ်ပဲဖြစ်ဖြစ်၊ စာပေဖတ်ရှုလေ့လာမှုများခဲ့ကြသူတွေပါပဲ။ ပါမောက္ခမဖြစ်လည်း သူဌေးသူကြွယ်၊ လုပ်ငန်းရှင်၊ စာရေးဆရာ၊ သတင်းစာဆရာ စသဖြင့် ဖြစ်လာကြပါတယ်။

**❖ စိတ်ဝင်တစား နားထောင်တတ်သူဖြစ်အောင် မိမိကိုယ်တိုင်က စိတ်ပါလက်ပါ လေ့ကျင့်ယူပါ။ မိမိဘဝကို အမှန်တကယ်မြှင့်တင်တဲ့ အပြုအမူ၊ လုပ်ဆောင်ချက် အကျင့်ကောင်းတစ်ခုပါ။ စိတ်ဝင်တစား နားထောင်တတ်သူဆိုတာ ပြောဆိုနေတဲ့အရာရဲ့ အကြောင်းအရာထက် ပိုမိုနားလည်သူ ဖြစ်ပါတယ်။ တစ်ထွာပြရင် ဆယ်လှမ်းမြင်နေပြီ။ ပါးစပ်ဟတာနဲ့ အူဘယ်နှခွေရှိသလဲ သိထားပြီပဲ။ အပွေးမြင်တာနဲ့ အပင်သိတယ်။ အသွေးမြင်ရင် အသွင်သိ။ ပိုမိုကောင်းမွန်တဲ့ နားထောင်သူကောင်းတစ်ဦးဟာ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးတွေကို ဖန်တီးနိုင်တဲ့စွမ်းအားရှိလာပါတယ်။ ❖**

စာပေဆိုတာကတော့ သုတစာပေများဖြစ်တဲ့ သိပ္ပံ၊ စက်မှု၊ စီးပွား၊ စိုက်ပျိုး၊ မွေးမြူ၊ ဥပဒေ၊ ဝိဇ္ဇာ ပညာရပ်များဖြစ်စေ၊ ရသစာပေ၊ ကဗျာလင်္ကာ၊ ဝတ္ထုရှည်၊ ဝတ္ထုတိုတွေဖြစ်စေ (မိမိတွေ့ဖူးတဲ့ ဥပဒေရေးရာ ဝန်ကြီးတစ်ဦးဟာ သော်တာဆွေဝတ္ထုတွေကို အတော်နှံ့နှံ့စပ်စပ် ဖတ်ဖူးကြောင်း သတိပြုမိတယ်။ နိုင်ငံတကာအဆင့် ရင်ဆိုင်ဖြေရှင်းရတာတွေကို ရဲရဲရင့်ရင့် ခိုင်ခိုင်မာမာ လုပ်ဆောင်နိုင်တာဟာ စာအများကြီး ဖတ်ထားတဲ့ ဝမ်းစာပြည့်လို့ပဲဆိုတာ တွေ့ရတယ်) ဖတ်သူတိုင်းကို အရည်အသွေးပြည့်ဝ မြင့်မားစေတာပဲလေ။

ကျောင်းတက္ကသိုလ်မှထွက်လာပြီး ဘဝတက္ကသိုလ်ကို ကူးပြောင်းကြရတဲ့အခါ ဘာစာမှဟုတ္တိပတ္တိ မဖတ်ခဲ့ရင်တော့ လိပ်ပက်လက်လှန်ထားသလို ဖြစ်နေပါရော့။ သုတစာပေ၊ ရသစာပေ၊ ကိုယ်ပိုင်အချိန်တွေရသမျှ လေ့လာဖတ်ရှုနေသူကတော့ ဖြတ်သန်းရတဲ့ ဘဝတက္ကသိုလ်မှာလည်း တင့်တင့်တယ်တယ် ကူးခတ်နိုင်ကြတယ်။

အစည်းအဝေးတွေအများကြီးတက်ပြီး သေသေချာချာ နားထောင်မှတ်သားရတယ်။ တိတိကျကျ နားထောင်ပြီး အောင်မြင်ထမြောက်အောင် စေ့စေ့စပ်စပ် အကောင်အထည်ဖော် ဆောင်ရွက်ကြရတယ်။

နားထောင်ခြင်းအနုပညာ အရေးကြီးတာပေါ့။ "လူတွေ စကားပြောတဲ့အခါ အပြည့်အဝနားထောင်ပါ။ လူအများစုကတော့ ဘယ်တော့မှ နားမထောင်ကြဘူး"တဲ့။ အမေရိကန် စာရေးဆရာ အားနက်စ်ဟယ်မင်ဝေးက ပြောဖူးတယ်။ ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံတို့၊ ပင်လယ်ပြာနဲ့ တံငါအိုတို့၊ ကမ္ဘာကျော်ဝတ္ထုတွေကို ရေးသားခဲ့တဲ့ စာရေးဆရာ ဟယ်မင်ဝေးပါ။

နားထောင်ခြင်းအနုပညာကို သေသေချာချာ အသုံးမချတတ်ရင် လူတွေသာများပြီး ပွဲမစည်ဘူး ဆိုတာမျိုး ဖြစ်နေတတ်ပါတယ်။ ရုပ်မြင်သံကြားမှာ နေ့စဉ်ရက်ဆက် မြင်နေရတဲ့လူတွေရဲ့ ထိုင်နေကြပုံကို ကြည့်လေ။

နားထောင်နေကြသူများရဲ့ ကိုယ်နေဟန်တွေက (သူတို့ပါးစပ်က ဘာမှမပြောကြပေမယ့်) ပြောဆိုထုတ်ဖော်နေခဲ့ကြတယ်။ ပထမအကြိမ် လွှတ်တော်များ၊ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကို ပြန်စဉ်းစားကြည့်လိုက်ရင် သိနိုင်ပါတယ်။ ဦးခေါင်း၊ နဖူး၊ မျက်ခုံး၊ မျက်လုံး၊ ပါးစပ်၊ မေးစေ့၊ လည်ပင်း၊ ပခုံးများ၊ လက်များ၊ ခါး၊ ခြေထောက် ဒါတွေရဲ့အနေအထားနဲ့ အသွင်အပြင်က ဒီလူရဲ့ခံစားမှုနဲ့ သဘောထားတွေ ဖော်ပြနေတာပဲလေ။

တတိယအကြိမ်လွှတ်တော်များကိုတော့ စာရေးသူလည်း သတိထားမကြည့်မိလို့ ဘာမှမဖော်ပြတတ်ပါ။ စကားလုံးမပါဘဲလည်း နားထောင်လို့ရတယ်နော်။ **"ကမ္ဘာကြီးက ကျွန်တော်တို့ကို တန်ဖိုးဖြတ် အကဲခတ်ပြီး အမျိုးအစားခွဲတာ နည်းလမ်းလေးသွယ်ရှိတယ်လို့ ဒေးကာနက်ဂျီက ရေးခဲ့ဖူးတယ်။**

**၁။ ကျွန်တော်တို့ဘာလုပ်သလဲ။**

**၂။ ဘယ်လိုပုံပန်းသဏ္ဌာန်ရှိသလဲ။**

**၃။ ဘာပြောသလဲနဲ့။**

**၄။ ဘယ်လိုပြောသလဲ ဆိုတာတွေပါပဲ"တဲ့။** ကြည့်တတ်ရင် မြင်တာပေါ့။

နားထောင်နေခြင်းကိုဖော်ပြရန် စကားလုံးမဟုတ်တဲ့ ဆက်သွယ်မှုခြောက်မျိုး၊ တစ်ခုခုဖြစ်စေ၊ အချို့ဖြစ်စေ အချက်ပြကြပါတယ်။ SOFTEN လို့ အတိုကောက် အင်္ဂလိပ်လို မှတ်သားလေ့ရှိကြပါတယ်။ ဒါမျိုးက မြန်မာ့ပညာရေးမှာလည်း တော၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ ဆိုတဲ့ ဇာတ်ကြီးဆယ်ဘွဲ့တို့၊ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ ဆိုတဲ့ ပညာရှာမှီးခြင်းနည်းနာ ရှစ်ချက်တို့ ကျက်ခဲ့ဖူးမှာပါ။

S = Smile ပြုံးပြခြင်း

O = Open Posture ကိုယ်ဟန်ဖွင့်ခြင်း

F = Forward Lean ရှေ့သို့အနည်းငယ်ငုံ့ခြင်း

T = Touch သင့်တော်သောထိတွေ့မှု

E = Eye Contact မျက်လုံးချင်းဆုံခြင်း

N = Nod ခေါင်းညိတ်ခြင်း

စိတ်ဝင်တစား နားထောင်တတ်သူဖြစ်အောင် မိမိကိုယ်တိုင်က စိတ်ပါလက်ပါ လေ့ကျင့်ယူပါ။ မိမိဘဝကို အမှန်တကယ်မြှင့်တင်တဲ့ အပြုအမူ၊ လုပ်ဆောင်ချက် အကျင့်ကောင်းတစ်ခုပါ။

စိတ်ဝင်တစား နားထောင်တတ်သူဆိုတာ ပြောဆိုနေတဲ့အရာရဲ့ အကြောင်းအရာထက် ပိုမိုနားလည်သူ ဖြစ်ပါတယ်။ တစ်ထွာပြရင် ဆယ်လှမ်းမြင်နေပြီ။ ပါးစပ်ဟတာနဲ့ အူဘယ်နှခွေရှိသလဲ သိထားပြီပဲ။ အပွေးမြင်တာနဲ့ အပင်သိတယ်။ အသွေးမြင်ရင် အသွင်သိ။ ပိုမိုကောင်းမွန်တဲ့ နားထောင်သူကောင်း တစ်ဦးဟာ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးတွေကို ဖန်တီးနိုင်တဲ့စွမ်းအားရှိလာပါတယ်။

**သူများတွေကိုပေးနိုင်တဲ့ အကောင်းဆုံးလက်ဆောင်က သင်ပိုကောင်းလာသူဖြစ်လာဖို့ပါပဲ။ အဲဒါကို ကောင်းကောင်းနားထောင်လေ့ရှိသူ (နားထောင်တတ်သူ)တစ်ယောက်ဖြစ်လာခြင်းနဲ့ စတင်ပါတယ်"** လို့ ဒေးကာနက်ဂျီလေ့ကျင့်ရေးစင်တာ အမှုဆောင်အရာရှိချုပ်နဲ့ ဥက္ကဋ္ဌဖြစ်သူ ဂျိုးဟတ်က ပြောပါတယ်။

"ကျွန်တော်တို့မှာ ပါးစပ်တစ်ပေါက်သာပါရှိပြီး နားက နှစ်ခု(နှစ်ဖက်)ပါတဲ့လူတွေ ဖြစ်ကြပါတယ်။ ဒါ့ကြောင့် ကိုယ်ကနည်းနည်း(လျှော့)ပြောပြီး နားက များများနားထောင်တာ ပြုသင့်တယ်လို့ ဘီစီ ၄၀၀ စုကာလက ပေါ်ပေါက်ခဲ့တဲ့ ဇီနိုဆိုသူ အတွေး အခေါ်ပညာရှင်က ပြောခဲ့ဖူးပါတယ်။ တကယ်တော့ သူများပြောတာကို စိတ်ဝင်တစားများများ (အာရုံစိုက်ပြီး) နားထောင်တတ်တဲ့သူဟာ သူတစ်ပါးနားထောင်ချင်အောင် ပြောတတ်လာစေပါတယ်။ တကယ်တော့ သူတစ်ပါး နားထောင်ချင်အောင်၊ နားဝင်အောင်၊ ပြောတတ်သူတွေဟာ လူအများရဲ့ အာရုံစိုက်မှုတွေကိုရစေပြီး လွှမ်းမိုးမှုလည်းရတယ်။ ဒါဟာ မိမိအတွက် အောင်မြင်တဲ့ ခေါင်းဆောင်ကောင်းနဲ့ စွမ်းဆောင်ရည်ရှိသူလည်း ဖြစ်လာစေမှာပါပဲ။

လှပတဲ့ဘဝတစ်ခုကို တည်ဆောက်မှုမှာ ဒီအချက်ဟာ အခြေခံအုတ်မြစ်ပါပဲ။ အရေးကြီးတာပေါ့။ သူတစ်ပါးပြောတာ ကောင်းစွာ(အာရုံစူးစိုက်) နားထောင်တတ်သူဟာ မိမိကိုယ်တိုင်က ပြောတဲ့စကား၊ ကိုယ့်ကိုယ်ကိုယ်လည်း နားထောင်မှုအနုပညာရှိထားဖို့ ဖော်ပြပါမယ်။ ယခင်ကသိပြီးသူလည်း ရှိမယ်။ မသိသေးသူလည်း ရှိနိုင်တယ်။ ဒါကိုသိခြင်းအားဖြင့် အများကြီးအကျိုးကျေးဇူးရစေပါမယ်။

လူမှာ **အလိုလိုသိစိတ် (Intuition)** ဆိုတာရှိတတ်ကြတယ်။ မြန်မာမှာတော့ နတ်နိုးတယ်။ ကိုယ်စောင့်နတ်က သတိပေးတယ်ဆိုတဲ့ ဖြစ်ရပ်မျိုးပဲ။ နမူနာပြမယ်။

၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှာ ဂရီယာအပ်စတိန်းဆိုတဲ့ အမျိုးသမီးတစ်ယောက်ဟာ ကမ္ဘာ့ကုန်သွယ်ရေးမျှော်စင်၊ တိုက်ညီနောင်ရဲ့ တောင်ဘက် မျှော်စင် ၆၇ ထပ်မှာ အလုပ်လုပ်နေတယ်။ အချိန်က မနက် ၈ နာရီ မိနစ် ၄၀။ သူနဲ့လုပ်ဖော်ကိုင်ဖက် တစ်ယောက်ချိန်းပြီး အောက်ဆင်း၊ စီးကရက်သောက်ရင်း စကားပြောရအောင် (ရုံးခန်းအတွင်း လေအေးပေးစက်နဲ့မို့ စီးကရက်၊ ဆေးလိပ်သောက်ခွင့်မရှိပါ။ ရုံးစည်းကမ်းအရ)၊ ဓာတ်လှေကားနဲ့ ဆင်းနေတုန်း ဝုန်းဒိုင်းသံကြီးတစ်ခု ကြားလိုက်ရပြီး ဓာတ်လှေကားလည်း လှုပ်ခါသွားတယ်။ ဘာမှန်းမသိလိုက်။ ဂရီယာအပ်စတိန်းနဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက် အဆောက်အအုံအပြင်ဘက် ထွက်လိုက်တဲ့အခါ မြောက်ဘက်မျှော်စင်ကြီး အကြီးအကျယ် မီးလောင်နေတာ၊ အခြားလူတွေနဲ့အတူ လမ်းပေါ်ကနေ မော့ကြည့်နေမိကြတယ်။

အဲဒီအခိုက်အတန့်မှာပဲ လေယာဉ်ကြီးတစ်စင်းဟာ သူအလုပ်လုပ်တဲ့ တောင်ဘက်မျှော်စင်ကို တိုက်လိုက်ပြီး မီးတွေလောင်နေပါတယ်။ သူသာ ရုံးခန်းထဲမှာရှိနေရင် မီးဖုတ်သင်္ဂြိုဟ်ပြီးသား ဖြစ်သွားမှာပဲလို့ သိလိုက်ရ။ အကြောင်းပြချက် မည်မည်ရရ မရှိလိုက်ဘဲ မိမိအသိစိတ်တစ်ခုခုနဲ့ (ရုံးခန်းအလုပ်ချိန်မှာ အောက်မြေပြင်ဆင်း၊

**စာမျက်နှာ ၅ သို့ á**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၁၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၁၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် စပါး ၄၀၂၇၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ စပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာလိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေနဲ့ တောင်သူတွေ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုး ပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

လမ်းပေါ်မှာ စီးကရက်ထွက် သောက်မယ်ဆိုတဲ့ မဆီမဆိုင် အတွေးမျိုး) လုပ်မိတာ၊ အသက်ဘေးက စက္ကန့်၊ မိနစ်ပိုင်းလေးအတွင်း လွတ်ကင်းသွားခဲ့တယ်။

ဒါကို **အလိုလိုသိစိတ် (Intuition)** လို့ခေါ်ပါတယ်။

မသိစိတ်ကနေ အမြင်ပြောင်းစေတာမျိုး။ လုံလောက်တဲ့ အချက်မပါဘဲ ဆင်ခြင်တုံတရားမဟုတ်ဘဲ သေသေချာချာသိနေတဲ့ ခံစားချက်။

သူနဲ့ဆင်ဆင်တူတဲ့ **ထိုးထွင်းသိမြင်မှု(Insight)** မဟုတ်။

**ဗီဇ(Instinct)** နဲ့လည်းမတူပါ။

အလိုလိုသိစိတ်က စွမ်းအားရှိလှပါတယ်။ မိမိရဲ့အလိုလိုသိစိတ်ကို နားထောင်ဖို့ သတိရှိအပ်ပါတယ်။ အလိုလိုသိစိတ်က ဒေါသဖြစ်နေစဉ် မနာလိုဝန်တိုစိတ်ရှိနေစဉ်မှာ မလာဘူး။ မပေါ်ဘူး။ စိတ်ဓာတ်ကျနေစဉ်ဆို မပေါ်တတ်ဘူးတဲ့။ အလိုလိုသိစိတ်ကို တိုးတက်စေမယ့်နည်းလမ်း ရှစ်ချက်ရှိတယ်တဲ့။ အဲဒါ ဖော်ပြပါရစေ။

၁။ **တရားထိုင်ပါ။** အလိုလိုသိစိတ် အားကောင်းလာမယ်။

၂။ **သင့်အာရုံခံစားမှုတွေကို အသုံးပြုပါ။**

၃။ **သင့်အိပ်မက်တွေကို အာရုံစိုက်ပါ။**

၄။ **တီထွင်ဖန်တီးမှုလုပ်ပါ။**

၅။ **ရေချိုးပါ** သို့မဟုတ် ပန်းကန်တွေဆေးကြောပါ။

၆။ **လူတွေကို လေ့လာပါ။** ပိုအာရုံစိုက်ကြည့်ပါ။

၇။ **သင့်တန်ဖိုးတွေနဲ့ကိုက်ညီအောင် နေထိုင်ပါ။** ရိုးသားမှုနဲ့ ဂုဏ်သိက္ခာရှိပါစေ။ အလိုလိုသိစိတ်က အပြစ်ကင်းတဲ့စိတ် (Clear Conscience) ရှိတာမျိုး ကြိုက်တယ်။

၈။ **နားထောင်ခြင်းစနစ်တကျဖြစ်အောင် လေ့ကျင့်ပါ။**

နိဂုံးအနေနဲ့ဖော်ပြချင်တာကတော့ နားထောင်ခြင်းအနုပညာကို သိထားသူ၊ ကျင့်သုံးသူတွေကတော့ မသိတဲ့လူ၊ သုံးရကောင်းမှန်း မသိတဲ့လူတွေထက် သိသိသာသာ မြင့်မားကြောင်း အထူးပြောနေစရာ မလိုတော့အောင်ပဲ ကွဲပြားခြားနားကြပါတယ်။ လူငယ်တွေကို လက်ရှိ အခြေအနေထက် ပိုမိုကောင်းမွန်အောင် မြင်စေချင်တဲ့စေတနာနဲ့ ရှာဖွေလေ့လာစုဆောင်း တင်ပြတာပါ။ အရိပ်အမြွက်သာပါ။ ဆက်လက်လေ့လာ လေ့ကျင့်ကြစေလိုပါတယ်။ အနာဂတ်ဟာ လူငယ်တွေရဲ့ အရည်အသွေးအပေါ်မှာ တည်နေတယ်မဟုတ်လား။

## အလှနှင့်ဘဝ

– ညှော်ဆောင်ဂုဏ်မြင့် ကြွားဝင့်နိုင်စေ
နံရံအထက် ချိတ်လျက်မြင်နိုင်ပေ
နက်စင်းဝါရွှေ ကျားရေတစ်ချပ်
ဤအလှပင် ကျားဘုရင်
တမင်သက်ခြွေ သတ်သည်တည့်လေး။

– စုံတောမြိုင်ရပ် လှည့်ပတ်ပျော်ရွှာ
သာရကာတေး ချိုအေးနားဝင်သာ
တေးလှကြမ္မာ ဖန်လာသမျှ
လှောင်အိမ်တွင်းဝယ် သနားဖွယ်
ငှက်ငယ်ကျဉ်းစံ ရသည်တည့်လေး။

– ရှုမြင်ခဏ အလှပေါ်တွင်
မှန်လှောင်ကန်တွင်း သက်ဆင်းငါးရွှေစင်
အလှကြောင့်ပင် ပျော်ရွှင်မှုသုဉ်း
လူတို့စေရာ မငြင်းသာ
သူ့မှာဘဝ ဆုံးသည်တည့်လေး။

– ဣတ္ထိယထုံး အဆုံးကြည့်မျှော်
ကြီးငယ်မခြား ဝင်စားအလှပျော်
အလှဖိတ်ခေါ် လှသော်တစ်မိ
ယဉ်ကျေးစံညီ လုပန်းသီ
ကိုယ်စီလှခွင့် ရှိသည်တည့်လေး။

– သတိနှင့်ယှဉ် ပြင်ဆင်လှကွက်ရှာ။
– အသိနှင့်မြင် ဆင်ခြင်ဘဝတွက်သာ။ ။

**ချစ်စုအောင်**

# ပုသိမ်မြို့နယ်တွင် ခရမ်းချဉ်သီးများ အရောင်းအဝယ် ကောင်းမွန်နေ

**ပုသိမ် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ပုသိမ်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်ကာ ယနေ့ထိ ခရမ်းချဉ်သီးများ ဝယ်ယူမှုအား ကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့်ခရမ်းချဉ်သီးများ တစ်ရက်လျှင် ပိဿာချိန် ၅၅၀၀ မှ ၇၅၀၀ ထိ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"ပုသိမ်မြို့နယ် ကုန်စိမ်းဈေးကွက်ထဲမှာ ခရမ်းချဉ်သီးတွေ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းနေပါတယ်။ အခု အရောင်းအဝယ်လုပ်နေတဲ့ ခရမ်းချဉ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်သလို အထွက်နှုန်းလဲ ကောင်းနေတယ်လို့ သိရပါတယ်"ဟု ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

အဆိုပါ အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ခရမ်းချဉ်သီးစိုက်တောင်သူများ၊ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူ များ၊ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## နိုင်ငံတကာ သတင်းများ

# မြောက်ကိုရီးယားစစ်သင်္ဘောသစ် ခရုစ်ဒုံးကျည်စမ်းသပ်မှု ကင်ဂျုံအန် ကိုယ်တိုင်ကြီးကြပ်



ပြုံယမ်း ဇူလိုင် ၅

မြောက်ကိုရီးယား ရေတပ်မှ ကန်ကွန်း တန် ၅၀၀၀ ဖျက်သင်္ဘောသစ်သည် နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သော ခရုစ်ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ကန်ကွန်း ဖျက်သင်္ဘောသစ်က ဇူလိုင် ၃ ရက်တွင် ပြုလုပ်ခဲ့သော အဆိုပါ ခရုစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ကန်ကွန်း ဖျက်သင်္ဘောသစ်သည် အမြောက်စနစ်များ၊ ပစ်မှတ်ရှာစနစ်များ၊ အီလက်ထရောနစ်စစ်ဆင်ရေးစနစ်တို့ကို ဇူလိုင် ၃ ရက်တွင် စမ်းသပ်ခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ကန်ကွန်း ဖျက်သင်္ဘောသစ် စမ်းသပ်မှုများကို နှစ်လတာကာလအတွင်း အပြီးသတ်လုပ်ဆောင်၍ စစ်ရေးတာဝန်များ စတင်ပေးအပ်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တာဝန်ရှိသူများကို တိုက်တွန်းပြောကြားထားသည်။

ကန်ကွန်း ဖျက်သင်္ဘောသစ်သည် ပြီးခဲ့သည့်နှစ်အတွင်း ရေချရာတွင် အောင်မြင်မှုမရှိခဲ့ဘဲ ပျက်စီးခဲ့သည့် စစ်သင်္ဘောဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်လကလည်း ချိုဟွန်း တန် ၅၀၀၀ စစ်သင်္ဘောသစ်ကို တပ်တော်ဝင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်လွတ်လပ်ရေးနှစ် ၂၅၀ ပြည့် သမ္မတဒေါ်နယ်ထရမ့် မိန့်ခွန်းပြောကြား

ဝါရှင်တန် ဇူလိုင် ၅

အမေရိကန်နိုင်ငံ လွတ်လပ်ရေးရရှိမှု နှစ် ၂၅၀ ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဝါရှင်တန်မြို့ နေရှင်နယ်မောလ်ပန်းခြံ၌ ဇူလိုင် ၄ ရက်တွင် ကျင်းပခဲ့ရာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့် တက်ရောက်မိန့်ခွန်း ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားကို ရာသီဥတုအခြေအနေကြောင့် နှစ်နာရီမျှ နောက်ကျ၍ ကျင်းပခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။



အမေရိကန်နိုင်ငံ လွတ်လပ်ရေးရရှိမှု နှစ် ၂၅၀ ပြည့် အခမ်းအနားမိန့်ခွန်းတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အမေရိကန်နိုင်ငံ၏ သမိုင်းတစ်လျှောက် အောင်မြင်မှုများကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ ဆန္ဒမဲပေးမှုစနစ်များကို အပြောင်းအလဲ ပြုလုပ်ရန်လည်း သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံ လွတ်လပ်ရေးရရှိမှု နှစ် ၂၅၀ ပြည့်အထိမ်းအမှတ်မိန့်ခွန်း၌ ကွန်ဂရက်လွှတ်တော်ကို တိုက်တွန်းပြောကြားခဲ့သည်။

အလားတူ အမေရိကန်နိုင်ငံ၌ ကွန်မြူနစ်များ အားကောင်းလာကြောင်းလည်း အဆိုပါ မိန့်ခွန်း၌ သမ္မတဒေါ်နယ်ထရမ့်က သတိပေးပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် လက်ဝဲယိမ်း ဒီမိုကရက်တစ်ပါတီအုပ်စုဝင်များကို ကွန်မြူနစ်များအဖြစ် ယခင်က စွပ်စွဲပြောကြားခဲ့ဖူးသည်။

သာမန်အားဖြင့် အမေရိကန်သမ္မတများသည် ဇူလိုင် ၄ ရက် လွတ်လပ်ရေးနေ့အခမ်းအနားများသို့ ကိုယ်တိုင်တက်ရောက်လေ့မရှိသော်လည်း သမ္မတဒေါ်နယ်ထရမ့်ကမူ အဆိုပါအစဉ်အလာကို ချိုးဖောက်၍ ကိုယ်တိုင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကွန်ဂိုနိုင်ငံအလယ်ပိုင်း၌ သစ်ထည်ရေယာဉ်တစ်စီးနစ်မြုပ် ဦးရေ ၂၀ သေဆုံး၊ ဦးရေ ၈၀ ကို ကယ်တင်နိုင်ခဲ့

ကင်ရှာဆာ ဇူလိုင် ၅

ကွန်ဂိုနိုင်ငံ အလယ်ပိုင်း၌ စာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသားများ လိုက်ပါလာသော သစ်ထည်ရေယာဉ်တစ်စီး ဇူလိုင် ၄ ရက်တွင် နစ်မြုပ်ခဲ့ရာ ဦးရေ ၂၀ သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ သစ်ထည်ရေယာဉ်သည် ကာဆိုင်းပြည်နယ် စန်ကူရူမြစ်နှင့် ကာဆိုင်းမြစ်တို့ဆုံစည်းရာ မြစ်ဆုံရေပြင်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။

ရေယာဉ် နစ်မြုပ်ပြီးနောက် ဦးရေ ၈၀ ကို ကယ်တင်နိုင်ခဲ့သော်လည်း ဦးရေ ၂၀ သေဆုံးခဲ့ကြောင်း ကွန်ဂိုတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

သို့ရာတွင် နစ်မြုပ်ခဲ့သော သစ်ထည်ရေယာဉ်ပေါ်၌ လိုက်ပါလာသူ ဦးရေ ၂၀၀ ကျော်ထိရှိကြောင်း ဒေသခံများကပြောကြားထားသည်။

အာဖရိက အလယ်ပိုင်းဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကွန်ဂိုနိုင်ငံသည် လူအသေအပျောက်များသော ရေယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

ညပိုင်းကာလ ရေကြောင်းခရီးသွားလာမှု၊ သတ်မှတ်ခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်မှု၊ ဘေးကင်းလုံခြုံရေး စည်းမျဉ်းချိုးဖောက်မှုတို့ကြောင့် ကွန်ဂိုနိုင်ငံ၌ ရေယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာ ကိုယ်စားလှယ်များ အယာတိုလာခါမေနီ၏ ဈာပနတက်ရောက်

တီဟီရန် ဇူလိုင် ၅

တီဟီရန်မြို့၌ ကျင်းပနေသော အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားသို့ အီရန် ကျောထောက်နောက်ခံပြု ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာအုပ်စုတို့မှ ကိုယ်စားလှယ်များ ဇူလိုင် ၄ ရက်တွင် တက်ရောက်ခဲ့ကြကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့သည် အီရန်နိုင်ငံ၏ အဓိကဒေသတွင်း မဟာမိတ်များဖြစ်ကြသည်။

ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာအုပ်စု နှစ်ခုလုံးကို အမေရိကန်နှင့် အနောက်အုပ်စု နိုင်ငံများက အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသည်။

အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနား တက်ရောက်ရန် တီဟီရန်မြို့သို့ ရောက်ရှိနေစဉ် ဟားမတ်စ်နှင့် ဟစ်ဇ်ဘိုလာ ကိုယ်စားလှယ်များသည် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် အယာတိုလာခါမေနီ၏ ဈာပနအခမ်းအနားကို ဇူလိုင် ၄ ရက်တွင် စတင်ကျင်းပခဲ့ပြီး ဇူလိုင် ၉ ရက်တွင် အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း မက်ရှ်ဟက်ဒ်မြို့၌ မြှုပ်နှံသင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နှင့် ရုရှားရေတပ်တို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်

ပေကျင်း ဇူလိုင် ၅

တရုတ်နှင့် ရုရှားနှစ်နိုင်ငံ ရေတပ်တို့သည် တရုတ်နိုင်ငံ ချင်းတောက်မြို့ ကမ်းလွန်၌ လာမည့် ရက်သတ္တပတ်အတွင်း ဝေဟင်၊ ရေပြင် ပူးတွဲစစ်ရေး လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နှင့် ရုရှားရေတပ်တို့၏ လာမည့် ရက်သတ္တပတ်ပူးတွဲစစ်ရေးလေ့ကျင့်မှု အစီအစဉ်ကို ရုရှားအစိုးရ မီဒီယာများကလည်း အတည်ပြုထားသည်။

ချင်းတောက်မြို့ ကမ်းလွန်၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြီးဆုံးပြီးနောက် နှစ်နိုင်ငံရေတပ်မှ တပ်ဖွဲ့အချို့အနေဖြင့် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ပူးတွဲရေကြောင်း ကင်းလှည့်မှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း တရုတ် ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဒေသတွင်းလုံခြုံရေး စိန်ခေါ်မှုများကို ပူးတွဲဖြေရှင်းရန်၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့ကို ပူးတွဲထိန်းသိမ်းရန်ရည်ရွယ်ချက်များဖြင့် တရုတ်- ရုရှားနှစ်နိုင်ငံရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

တရုတ်နှင့် ရုရှားနှစ်နိုင်ငံ ရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဇူလိုင် ၆ ရက်မှ ၁၃ ရက်ထိ ပြုလုပ်မည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါ စစ်ရေးလေ့ကျင့်မှုများ၌ပါဝင်ရန် ရုရှားရေတပ်မှ တိုက်သင်္ဘောတစ်စီး၊ အမြန်တိုက်ရေယာဉ်တစ်စီး၊ ရေငုပ်သင်္ဘောတစ်စီး၊ ကယ်ဆယ်ရေးသင်္ဘောတစ်စီးတို့ တရုတ်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Starship ဒုံးပျံယာဉ်၏ ဒုံးအင်ဂျင်များကို စပေ့အိတ်ကုမ္ပဏီက စမ်းသပ်မှုများပြုလုပ်ခဲ့



**ဝါရှင်တန် ဇူလိုင် ၅**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်၏ ဒုံးအင်ဂျင်များကို စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း ဇူလိုင် ၄ ရက် သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်၏ ထိပ်ဖူးအဆင့် ဒုံးအင်ဂျင်ခြောက်လုံးကို ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့စ် အာကာသစခန်း၌ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် လွန်ခဲ့သည့်သီတင်းပတ်ကလည်း Starship အာကာသဒုံးပျံယာဉ်၏ ဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီ၏ အဆိုပါ Starship ဒုံးပျံယာဉ် ဒုံးအင်ဂျင်စမ်းသပ်မှုမှာ တစ်မိနစ်ကြာမြင့်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ပုံစံ-၃ ဒုံးပျံယာဉ်ကို ယခုနှစ် မေ ၂၂ ရက်တွင် ၁၂ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ရာ လွှတ်တင်မှု အောင်မြင်ခဲ့သော်လည်း Starship ပင်မဒုံးပျံယာဉ်မှာ စီစဉ်ထားသည့်အတိုင်း ပစိဖိတ်သမုဒ္ဒရာအတွင်း ချောမွေ့စွာ ဆင်းသက်နိုင်မှုမရှိခဲ့ပေ။

Starship ပုံစံ-၃ ဒုံးပျံယာဉ်သည် စပေ့အိတ်ကုမ္ပဏီက တည်ဆောက်ခဲ့ဖူးသမျှ Starship ဒုံးပျံယာဉ်များအနက် အကြီးမားဆုံးနှင့် စွမ်းဆောင်ရည်အမြင့်ဆုံး ဒုံးပျံယာဉ်ဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်ကို ၁၃ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အိန္ဒိယအခြေစိုက် စကိုင်းရူအေရိုစပေ့ကုမ္ပဏီက ဗီခရမ်-၁ ဒုံးပျံလွှတ်တင်ရန် ပြင်ဆင်မှုများပြုလုပ်

**နယူးဒေလီ ဇူလိုင် ၅**

အိန္ဒိယနိုင်ငံအခြေစိုက် ပုဂ္ဂလိက အာကာသကုမ္ပဏီတစ်ခုဖြစ်သော စကိုင်းရူအေရိုစပေ့ကုမ္ပဏီသည် ၎င်း၏ ဗီခရမ် -၁ အမည်ရှိ ဒုံးပျံကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဇူလိုင် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗီခရမ် -၁ ဒုံးပျံသည် အိန္ဒိယ ပုဂ္ဂလိက အာကာသနည်းပညာကုမ္ပဏီတစ်ခုက လွှတ်တင်မည့် ပထမဆုံးဒုံးပျံယာဉ်ဖြစ်သည်။

အိန္ဒိယအာကာသအေဂျင်စီ အင်ဂျင်နီယာဟောင်းများ စုစည်းတည်ထောင်ထားသည့် စကိုင်းရူအေရိုစပေ့ကုမ္ပဏီသည် အမေရိကန်အခြေစိုက် Rocketlab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံကဲ့သို့ အသေးစားဒုံးပျံယာဉ်များ တည်ဆောက်လျက်ရှိသည်။



စကိုင်းရူအေရိုစပေ့ကုမ္ပဏီ၏ ဗီခရမ်-၁ ဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၃၅၀ ရှိသော ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

စကိုင်းရူအေရိုစပေ့ကုမ္ပဏီသည် ဗီခရမ်-၁ ဒုံးပျံကို ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၄ ရက်ကြား တစ်ချိန်ချိန်တွင် ဆာတစ်ရှ်ဒါဝန် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဗီခရမ်-၁ ဒုံးပျံသည် ၎င်း၏ ပထမဆုံးမစ်ရှင်တွင် ပျံသန်းမှု စွမ်းဆောင်ရည်ဆိုင်ရာ အချက်အလက်များ၊ လမ်းညွှန်ထိန်းကျောင်းမှုစနစ်များကို ရယူသွားမည်ဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ပင်လယ်ရေကြောင်း လေ့လာရေးဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း ဇူလိုင် ၅**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ပင်လယ်ရေကြောင်း လေ့လာရေးဂြိုဟ်တုတစ်စင်းကိုအောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၄ ရက် သတင်းများအရ သိရသည်။

ဟိုင်ယန်-၂ အီး အမည်ရှိ အထက်ပါဂြိုဟ်တုကို လောင်းမတ်ချ်-၄ ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိကွမ် ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၄ ဘီ ဒုံးပျံသည် ဟိုင်ယန်-၂ အီး ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဟိုင်ယန်-၂ အီး ဂြိုဟ်တုကို တရုတ်အာကာသ နည်းပညာကုမ္ပဏီက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် ပင်လယ်ရေကြောင်း ဝန်းကျင်အခြေအနေများကို စောင့်ကြည့်လေ့လာမည့် ဂြိုဟ်တုဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဟိုင်ယန်-၂ ဘီ ဒုံးပျံနေရာတွင် အစားထိုးဝင်ရောက်၍ ဟိုင်ယန်-၂ စီနှင့် ဟိုင်ယန်-၂ ဒီဂြိုဟ်တုများနှင့်အတူ လေ့လာစူးစမ်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟိုင်ယန်-၂ အီးဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၅၄ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## ဆယ်ကျော်သက်လူငယ်များ အိပ်ရာဝင်ချိန် တစ်နာရီပိုစောပါက ပုံစံ-၂ ဆီးချိုနှင့် အဝလွန်မှုကဲ့သို့ ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်

**ကိုပင်ဟေဂင် ဇူလိုင် ၅**

ဆယ်ကျော်သက်လူငယ်များ အနေဖြင့် ၎င်းတို့၏ အိပ်ရာဝင်ချိန်ကို တစ်နာရီပိုစောပေးပါက ပုံစံ-၂ ဆီးချိုနှင့် အဝလွန်မှုကဲ့သို့သော ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၄ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆယ်ကျော်သက်များ အနေဖြင့် အနည်းဆုံးပုံမှန်ထက် တစ်နာရီပိုစော၍ အိပ်ရာဝင်ခဲ့ပါက သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှုန်း အတက်အကျ ပို၍နည်းပါးလာတတ်ကြောင်း သိရသည်။

သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှုန်း အတက်အကျမြင့်မားပါက ရောင်ရမ်းမှုပြဿနာပေါ်ထွက်လာပြီး လူ့ကိုယ်ခန္ဓာ၏ ဇီဝဓာတုပြောင်းလဲမှု ဖြစ်စဉ်များအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ လူငယ်များကြား ဆီးချိုရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာချိန်တွင် ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်အရွယ် လူငယ် ၂၀၆ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**

## အသည်းအဆီဖုံးရောဂါရှိသူများ၌ အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**ဘာရ်ဆဲလ် ဇူလိုင် ၅**

အသည်းအဆီဖုံးရောဂါရှိသူများ၌ အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။


လက်ရှိအချိန်တွင် အသက် ၅၀ အောက် လူလတ်ပိုင်းများ၌ အူမကြီးကင်ဆာရောဂါ ဖြစ်ပွားမှုများ မြင့်တက်လာသည်ဖြစ်ရာ အဓိက နောက်ခံအကြောင်းတရားမှာ အဝလွန်မှုပြဿနာဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

သို့ရာတွင် ဘယ်လ်ဂျီယမ် သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသည်းအဆီဖုံးရောဂါ ရှိသူများသည် အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ခြေ သိသိသာသာ မြင့်မားလာနိုင်ကြောင်း သိရသည်။

အသည်းအဆီဖုံးရောဂါဖြစ်ပွားချိန်တွင် ဖက်တီးအက်စစ်များ မြင့်မားနေမှုသည် MYL ခေါ် ပရိုတင်းတစ်မျိုးကို ထိန်းညှိပေးခြင်းဖြင့် ကင်ဆာဆဲလ်များကို ပြုပြင်ပြောင်းလဲပေးတတ်ကြောင်း၊ MYL ခေါ် ပရိုတင်းများသည် ကင်ဆာဆဲလ်များကြီးထွားမှုကို အားပေးလှုံ့ဆော်တတ်သော ပရိုတင်းတစ်မျိုးဖြစ်ကြောင်း ဘယ်လ်ဂျီယမ် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**

**Trs : KKO**






## မလေးရှားပိုက်ကျော်ခြင်းကလပ် ပီရတ်ဘီဆန်အသင်းက မြန်မာပိုက်ကျော်ခြင်း အသင်းမှသန့်ဇင်ထွန်းကို ခေါ်ယူရန်ကမ်းလှမ်း

ရန်ကုန် ဇူလိုင် ၅

မလေးရှားနိုင်ငံ ထိပ်တန်း ပိုက်ကျော်ခြင်းကလပ် အသင်းတစ်သင်းဖြစ်သည့် ပီရတ်ဘီဆန်အသင်းက မြန်မာအမျိုးသား ပိုက်ကျော်ခြင်းအသင်းမှ သန့်ဇင်ထွန်းကို ခေါ်ယူရန်ကမ်းလှမ်းမှုများ လုပ်ဆောင်ထားကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း ကစားသမားများသည် ပြည်ပနိုင်ငံများသို့ ပြောင်းရွှေ့ကစားခဲ့ခြင်း တစ်ကြိမ်မျှမရှိသေးဘဲ သန့်ဇင်ထွန်း အနေဖြင့် ပီရတ်ဘီဆန်အသင်းသို့ ပြောင်းရွှေ့ ကစားဖြစ်မည်ဆိုပါက ပထမဆုံး ပြည်ပနိုင်ငံကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားသည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ကလည်း ပီရတ်ဘီဆန်အသင်းနှင့် သန့်ဇင်ထွန်းတို့ အပြောင်းအရွှေ့အတွက် ကြားဝင်ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နေပြီး စာချုပ်ကိစ္စရပ်များအတွက် အသေးစိတ် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း အတည်ပြုထားသည်။

ပီရတ်ဘီဆန်အသင်းက ယခုလအတွင်းကျင်းပမည့် မလေးရှား ပိုက်ကျော်ခြင်း ကလပ်အသင်းပြိုင်ပွဲနှင့် လာမည့် ဩဂုတ်လအတွင်းကျင်းပမည့် မလေးရှား ပိုက်ကျော်ခြင်း STL ပရီးမီးယားပြိုင်ပွဲမတိုင်မီ သန့်ဇင်ထွန်းကို ခေါ်ယူနိုင်ရန်အတွက် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပီရတ်ဘီဆန် အသင်းသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က မလေးရှား ပိုက်ကျော်ခြင်း STL ပရီးမီးယားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့် လက်ရှိ ချန်ပီယံအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။ STA




## ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့် နှစ်ကြိမ်ဆက်တက်ရောက်နိုင်သည့် ပထမဆုံးအာဖရိကအသင်းအဖြစ် မော်ရိုကိုအသင်းရပ်တည်

ရာဘတ် ဇူလိုင် ၅

မော်ရိုကိုအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အိမ်ရှင် ကနေဒါအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်သည့် ပထမဆုံး အာဖရိကအသင်းအဖြစ် ရပ်တည်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



မော်ရိုကိုအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်တွင် စပိန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့ကာ ကွာတားဖိုင်နယ်အဆင့်တွင် ပေါ်တူဂီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် အာဖရိကအသင်းများတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်သည့် ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ထို့နောက် ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အလားတူ မော်ရိုကိုအသင်းသည် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ပြီးနောက် အာဖရိကအသင်းများတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ နှစ်ကြိမ်ဆက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်သည့် ပထမဆုံးအသင်းဖြစ်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : 365 Scores**

**Trs : STA**

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားဆုအတွက် ပြင်သစ်အသင်းမှ အမ်ဘတ်ပီ ထိပ်ဆုံးမှဦးဆောင်

ဝါရှင်တန် ဇူလိုင် ၅

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် ပါရာဂွေးအသင်းတို့ ပွဲစဉ်တွင် ပြင်သစ်အသင်း တိုက်စစ်မှူး အမ်ဘတ်ပီက သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံး ကစားသမားဆုအတွက် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်ပွဲစဉ် စတင်ကတည်းက သွင်းဂိုးအများဆုံးကစားသမားဆုအတွက် အမ်ဘတ်ပီနှင့် အာဂျင်တီးနားအသင်းမှ မက်ဆီတို့ အပြိုင်ရှိနေပြီး အမ်ဘတ်ပီသည် ပါရာဂွေးအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ခုနစ်ဂိုးထိ ရှိလာခဲ့ကာ မက်ဆီနှင့် သွင်းဂိုးအရေအတွက် တူညီနေခြင်းဖြစ်သည်။

သို့သော် သွင်းဂိုးအများဆုံး ကစားသမားဆုအတွက် ကစားသမားများ ဂိုးအရေအတွက် တူညီနေပါက ဂိုးဖန်တီးမှုကိုပါ ထည့်သွင်းတွက်ချက်ပြီး ဆုံးဖြတ်မည်ဖြစ်သည့်အတွက် လက်ရှိတွင် အမ်ဘတ်ပီသည် မက်ဆီနှင့် သွင်းဂိုး ခုနစ်ဂိုးစီ တူညီနေသော်လည်း အမ်ဘတ်ပီက ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ထားပြီး မက်ဆီက တစ်ကြိမ်မျှ လုပ်ဆောင်ထားခြင်း မရှိသေးသည့်အတွက် အမ်ဘတ်ပီက ထိပ်ဆုံးမှ ဦးဆောင်နေခြင်းဖြစ်သည်။

ထို့ပြင် အမ်ဘတ်ပီသည် ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် သွင်းဂိုး ၁၉ ဂိုးထိ ရှိလာခဲ့သည့်အတွက် သွင်းဂိုး ၂၀ ဖြင့် ဦးဆောင်နေသည့် မက်ဆီ၏နောက် တစ်ဂိုး အကွာဖြင့် ရပ်တည်နေကြောင်း သိရသည်။

**Ref : TNT Football**

**Trs : STA**

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းနှင့် မော်ရိုကိုအသင်းတို့ တွေ့ဆုံ

နယူးယောက် ဇူလိုင် ၅

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်တွင် ပါရာဂွေးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပြင်သစ်အသင်းနှင့် ကနေဒါအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် မော်ရိုကိုအသင်းတို့ ကွာတားဖိုင်နယ်အဆင့်တွင် တွေ့ဆုံခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်အသင်းသည် ပါရာဂွေးအသင်းနှင့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ကစားကွက်အသာတို့ဖြင့် ဖိအားပေးခဲ့ရာ ပွဲချိန် မိနစ် ၇၀ တွင် ရရှိခဲ့သည့် ပြင်သစ်အသင်းမှ အမ်ဘတ်ပီ၏ ပင်နယ်တီသွင်းဂိုးဖြင့် အနိုင်ရခဲ့သကဲ့သို့ မော်ရိုကိုအသင်းကလည်း ကနေဒါအသင်းကို ပထမပိုင်းပွဲချိန်အတွင်း ထိန်းချုပ်ရန် ခက်ခဲခဲ့သော်လည်း ဒုတိယပိုင်းတွင် တိုက်စစ်ကစားပုံ ပြောင်းလဲခဲ့သဖြင့် ပွဲချိန် မိနစ် ၅၀၊ ၈၂ မိနစ်တို့တွင် အူနာဟီ၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန် ရှစ်မိနစ်တွင် ရာဟီမီတို့၏ သွင်းဂိုးများဖြင့် အနိုင်ခဲ့ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်အသင်းနှင့် မော်ရိုကိုအသင်းတို့၏ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၁၀ ရက်တွင် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဘော့စတွန် အားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

## မြန်မာနေရှင်နယ်လိဂ် ယူ- ၂၀ ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ISPE အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ISPE အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ISPE အသင်းက ပွဲချိန် ၂၇ မိနစ်တွင် သွင်းယူခဲ့သည့် မင်းကိုခန့်၏ သွင်းဂိုးဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်း၏ ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ရာ ပွဲချိန် မိနစ် ၆၀ တွင် အောင်ဇော်ဦးက ဟံသာဝတီယူနိုက်တက် အသင်းအတွက် ချေပဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၇၁ မိနစ်တွင် ပြည့်စုံဘုန်းမြင့်က ISPE အသင်းအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း ရမှတ် ၁၇ မှတ် ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းကလည်း ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ဆက်လက်ဖိအားပေးနေကြောင်း သိရသည်။

**STA**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဆားဘီးယားနိုင်ငံက တရုတ်နိုင်ငံထုတ် HQ-9 တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဝယ်ယူမည်



ဆားဘီးယားနိုင်ငံသည် တရုတ်နိုင်ငံထုတ် HQ-9 တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဝယ်ယူမှုသည် ဆားဘီးယားနိုင်ငံ၏ စစ်ရေးခေတ်မီအောင် ဆောင်ရွက်မှုတွင် အဓိကအပြောင်းအလဲတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ အဆင့်မြင့်ဆုံး ပြည်ပပို့ကုန်၊ လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုအသုံးပြုသည့် ပထမဆုံးသော ဥရောပနိုင်ငံ ဖြစ်လာမည်ဖြစ်ပြီး ဆားဘီးယားနိုင်ငံ၏ အဆင့်မြင့်လေကြောင်းခြိမ်းခြောက်မှုများ ဟန့်တားနိုင်စွမ်းကို သိသာထင်ရှားစွာ တိုးတက်စေမည်ဖြစ်ကာ ဒေသတွင်း လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သိရသည်။

HQ-9 စနစ်သည် လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များ (UAV) နှင့် ပဲ့ထိန်းဒုံးကျည်တို့ကို တာဝေးတန်ပြန်နိုင်စွမ်းရှိရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဤဝယ်ယူမှုသည် ဥရောပတွင် အရည်အသွေးမြင့် ကာကွယ်ရေးစနစ်များပံ့ပိုးပေးသောနိုင်ငံအဖြစ် တရုတ်နိုင်ငံ၏အခန်းကဏ္ဍ ပိုမိုကြီးထွားလာမှုကို မီးမောင်းထိုးပြနေပြီး ဒေသတွင်းစစ်ရေးအင်အားချိန်ခွင်လျှာနှင့် အနာဂတ်ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပေါ် သက်ရောက်မှုများ ရှိလာနိုင်ကြောင်း သိရသည်။

အဆိုပါအတည်ပြုချက်သည် ဆားဘီးယားနိုင်ငံ၏ လေကြောင်းပိုင်နက်နှင့် အရေးပါသော အခြေခံအဆောက်အအုံများကို ပိုမိုရှုပ်ထွေးလာသည့် ဝေဟင်ခြိမ်းခြောက်မှုများမှ ကာကွယ်ပေးနိုင်မည့် အလွှာလိုက် ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးကွန်ရက် တည်ဆောက်ရေးကြိုးပမ်းမှုတွင် အရေးပါသော ခြေလှမ်းသစ်တစ်ခုဖြစ်သည်။

HQ-9 စနစ်သည် တရုတ်နိုင်ငံ၏ တာဝေးပစ်၊ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်ပြီး တိုက်လေယာဉ်များ၊ ဗုံးကြဲလေယာဉ်များ၊ လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ်များ၊ လေထဲတွင် လောင်စာဖြည့်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် နောက်ဆုံးပေါ် ဗားရှင်းများတွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များကို ခုခံကာကွယ်ရန် တီထွင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် နောက်ဆုံးပေါ် ပို့ကုန်ဗားရှင်းဖြစ်သည့် HQ-9BE သည် လေယာဉ်များကို ကီလိုမီတာ ၂၆၀ မှ ၃၀၀ ထိ အကွာအဝေးမှ ပစ်ခတ်နိုင်ပြီး ကြားဖြတ်ဒုံးကျည်များသည် Mach 4 အထက်အမြန်နှုန်းဖြင့် ပျံသန်းနိုင်သဖြင့် လှုပ်ရှားမှုမြန်ဆန်သော ပစ်မှတ်များကို အလျင်အမြန် တိုက်ခိုက်နိုင်မည်ဖြစ်သည်။ အဆင့်မြင့် Phased-array ရေဒါ နည်းပညာ၊ အီလက်ထရွန်နစ်နှောင့်ယှက်မှု တန်ပြန်ရေးစနစ်နှင့်ပစ်မှတ်မျိုးစုံကို တစ်ပြိုင်နက်တည်း ခြေရာခံပစ်ခတ်နိုင်စွမ်းတို့ကြောင့် ဤစနစ်သည် တိုက်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများနှင့် တိကျမှန်ကန်သော လက်နက်များပါဝင်သည့် ရှုပ်ထွေးသော တိုက်ခိုက်မှုများကို ခုခံကာကွယ်နိုင်ကြောင်း သိရသည်။

ဤစွမ်းရည်များကြောင့် HQ-9 စနစ်သည် တရုတ်နိုင်ငံက တင်ပို့ရောင်းချသည့် အစွမ်းထက်ဆုံး တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

**Serbia Selects China's HQ-9 Long-Range Air Defense Missile System as First European Operator ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနိုင်ငံက ကုမ္ပဏီနှစ်ခုတို့ပူးပေါင်း၍ ဒရုန်းများကိုခြေရာခံနိုင်ရန် LiDAR နည်းပညာကို အသုံးပြုသွားမည်ဖြစ်

အစ္စရေးနိုင်ငံ Innoviz Technologies နှင့် Regulus ကုမ္ပဏီနှစ်ခုတို့ ပူးပေါင်း၍ ဒရုန်းများကို ခြေရာခံနိုင်ရန် LiDAR (Light Detection and Ranging) နည်းပညာကို အသုံးပြုသွားမည်ဖြစ်ကြောင်း Interesting Engineering သတင်းဌာနက ဇူလိုင် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် လူနေထူထပ်သော မြို့ပြဧရိယာများ၊ အခြေခံအဆောက်အအုံများအနီးနှင့် သစ်တောများကဲ့သို့သော ရေဒါများအလုပ်လုပ်ရန်ခက်ခဲသည့် ပတ်ဝန်းကျင်များတွင် တိကျသော (3D Localization) စွမ်းရည်ဖြင့် ဒရုန်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သမားရိုးကျ ရေဒီယိုလှိုင်း (RF) ကို အသုံးမပြုဘဲ Fiber-optic ကြိုးဖြင့် ထိန်းချုပ်သော ဒရုန်းများသည် ပုံမှန်ရေဒါစနစ်များအတွက် ကြီးမားသောစိန်ခေါ်မှုဖြစ်သည်။ LiDAR နည်းပညာသည် အလင်းတန်းကိုအသုံးပြု၍ ပစ်မှတ်၏တည်နေရာကို တိကျစွာမြင်နိုင်သည့်အတွက် အဆိုပါဒရုန်းများကိုဖော်ထုတ်ရာတွင် အဓိကကျသောနည်းပညာဖြစ်လာသည်။ မြို့ပြဧရိယာများတွင် အဆောက်အအုံများကြောင့် ရေဒါလှိုင်းများရောင်ပြန်ဟပ်မှုများပြီး ပစ်မှတ်ကို ရှာဖွေရခက်ခဲတတ်သည်။ LiDAR နည်းပညာ၏ မြင့်မားသော Resolution သည် ထိုကဲ့သို့ ရှုပ်ထွေးသော ပတ်ဝန်းကျင်၌ပင် ဒရုန်း၏တည်နေရာကို ချက်ချင်းအတည်ပြုပေးနိုင်သည်။ ဤစနစ်သည် Situational Awareness ခေါ် အခြေအနေအရပ်ရပ်ကို ခြုံငုံသိမြင်နိုင်စွမ်းကို ပိုမိုအားကောင်းစေပြီး အန္တရာယ်ရှိသည့်ဒရုန်းများကို ပိုမိုမြန်ဆန်စွာတုံ့ပြန်နိုင်မည်ဖြစ်သည်။

Innoviz Technologies နှင့် Regulus ကုမ္ပဏီတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် လက်ရှိ တန်ပြန်ဒရုန်းစစ်ဆင်ရေးတွင် ကြုံတွေ့နေရသော အကြီးမားဆုံးအခက်အခဲများကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းသစ်တစ်ခုဖြစ်သည်။ ရေဒါသည် အရာဝတ္ထုတစ်ခု၏ အကွာအဝေးနှင့် အလျင်ကိုသာ အဓိကထား တိုင်းတာသော်လည်း LiDAR နည်းပညာသည် လေထဲတွင် ရွေ့လျားနေသောပစ်မှတ်များကို အလွန်တိကျသော အချက်အလက်အမှတ်အသားများအဖြစ် ဖန်တီးပေးကြောင်း သိရသည်။

ရေဒီယိုလှိုင်းကို အသုံးမပြုသည့် Fiber-optic ကြိုးဖြင့် ထိန်းချုပ်သော ဒရုန်းများကို ပုံမှန် Jamming စနစ်များဖြင့် တားဆီး၍မရပါ။ LiDAR နည်းပညာသည် အမြင်အာရုံကို အခြေခံသည့်စနစ်ဖြစ်သောကြောင့် မည်သို့ပင်ထိန်းချုပ်မှုပုံစံများပြုလုပ်ထားသည်ဖြစ်စေ ပစ်မှတ်ကိုရှာဖွေနိုင်မည်ဖြစ်သည်။ Regulus ၏ C-UAS စနစ်များနှင့် Innoviz LiDAR ကို ပေါင်းစပ်လိုက်ခြင်းဖြင့် ရေဒါလစ်ဟာနေသော နေရာများကိုဖြည့်ဆည်းပေးနိုင်ပြီး ပိုမို



ပြည့်စုံသော စစ်ဆင်ရေးဆိုင်ရာ အချက်အလက်ကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများမှ သင်ခန်းစာယူ၍ အဆင့်မြင့်နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ဒရုန်းရန်ကို ပိုမိုထိရောက်စွာ တားဆီးနိုင်မည်ဖြစ်သည်။ လက်ရှိတွင် ရေဒါတစ်မျိုးတည်းအပေါ်တွင်သာ မှီခိုနေရခြင်းသည် အားနည်းချက်ဖြစ်လာသည်။ LiDAR နည်းပညာကို ထပ်မံဖြည့်စွက်ခြင်းဖြင့် အားသာချက်များစွာရှိသည်။ ရေဒါမှပေးသောအချက်အလက်နှင့် LiDAR နည်းပညာကပေးသော 3D အချက်အလက်များကို ပေါင်းစပ်လိုက်ခြင်းဖြင့် ပစ်မှတ်ကို ပိုမိုတိကျစွာအတည်ပြုနိုင်ပြီး မှားယွင်းမှုကို လျှော့ချပေးနိုင်သည်။ Fiber-optic ကြိုးဖြင့်ထိန်းချုပ်သော ဒရုန်းများသည် RF Jamming ကို ကျော်ဖြတ်နိုင်သော်လည်း LiDAR နည်းပညာ၏ အမြင်အာရုံကိုမူ ကျော်ဖြတ်၍မရနိုင်ပေ။ အဆောက်အအုံများ၊ သစ်ပင်များနှင့် ရှုပ်ထွေးသော ပတ်ဝန်းကျင်တွင် ရေဒါက ပစ်မှတ်ကို လွဲချော်သွားချိန်၌ LiDAR နည်းပညာက ပစ်မှတ်ကို ဆက်လက်ထိန်းချုပ်ထားပေးနိုင်ကြောင်း သိရသည်။

**LiDAR expands counter-drone capabilities against fiber-optic-controlled aerial threats ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# သာယာဝပြောသော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

နှစ်စဉ် ဇူလိုင် ၆ ရက်သည် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ (World Rural Development Day) ဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ အများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် ကျေးလက်ဒေသများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အသိအမှတ်ပြုသွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ဆောင်ပုဒ်သည် **"တက်ကြွ၍သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး"** ဖြစ်သည်။

**ကျေးလက်နေလူဦးရေများပြား**

လက်ရှိအချိန်တွင် ကမ္ဘာ့လူဦးရေ ၈ ဒသမ ၃ ဘီလီယံရှိသည့်အနက် ၄၃ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်ကြသည့်သူများဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်အနက် ၆၉ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ယခင်က ဖွံ့ဖြိုးမှုနိမ့်ကျခဲ့သော ကျေးလက်ဒေသများသည် လက်ရှိအချိန်တွင် သိသာစွာ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။ သို့သော် အချို့သောကျေးရွာများတွင် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်သွားရန်လိုအပ်နေဆဲပင်ဖြစ်သည်။

**ဖွဲ့စည်းထားရှိ**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အောက်၌ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Center on Integrated Rural Development the for Asia and Pacific – CIRDAP)ကို ဖွဲ့စည်းထားရှိပြီး မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် အခြေစိုက်သည်။ အဆိုပါဌာနသည် ကျေးလက်ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် စဉ်ဆက်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရန်၊ အဖွဲ့ဝင်နိုင်ငံများကြား အောင်မြင်သော ကျေးလက်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို အသိပညာဗဟုသုတ မျှဝေသွားရန်နှင့် ကျေးလက်အဖွဲ့အစည်းများနှင့် အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

**မူဝါဒများချမှတ်အကောင်အထည်ဖော်**

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းကာ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းနှင့် ကုန်ထုတ်လမ်းတံတားများ၊ ကျေးရွာတွင်းလမ်းတံတားများ၊ ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားရန်၊ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်အတွက် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်သွားရန်နှင့် ကျေးလက်ဒေသတွင် အခြားလူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် ဆောင်ရွက်သွားရန် စသည့်ကျေးလက်အခြေခံအဆောက်အအုံလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။




ထို့ပြင် ကျေးလက်နေပြည်သူများ၏အသက်မွေးဝမ်းကျောင်းဆိုင်ရာ Skill-development လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ကာကွယ်တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေး ကူညီဆောင်ရွက်သွားရန်၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေး၊ ကျား၊ မ တန်းတူညီမျှရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကျေးလက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ကဏ္ဍအလိုက်ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ကာ သက်ဆိုင်ရာလုပ်ငန်းများတွင် ထိရောက်စွာ တာဝန်ပေးဆောင်ရွက်သွားရန် စသည့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် သက်တံရောင်စီမံကိန်းဖော်ဆောင်၍ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုးစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းနှင့် ကုန်ထုတ်လမ်းတံတားများဖောက်လုပ်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်းများဖြင့် ကျေးလက်စီးပွားမြင့်မားရေးဆောင်ရွက်ခြင်းနှင့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများဖြင့် ရပ်ရွာအခြေပြုဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်၊ အာဆီယံကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးပင်မစီမံချက်၊ မြန်မာနိုင်ငံ၏ ဘက်စုံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်၍ တိကျခိုင်မာအားကောင်းသော ဖွံ့ဖြိုးရေးမူဝါဒများချမှတ်ကာ ပြည်သူ့အကျိုးပြုကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်လုပ်ငန်းများကို ပြည်သူလူထုအပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်သူအားလုံးနှင့် လက်တွဲပူးပေါင်းကာ ဟန်ချက်ညီညီအရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ခွင့်ပြုပေးထား**

အထူးသဖြင့် နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများရှိတိုင်းရင်းသားလူမျိုးများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆပ်ကော်မတီခုနစ်ခုအတွက် ရန်ပုံငွေကျပ် ၁၃၉၇ ဘီလီယံခွင့်ပြုပေးထားပြီး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီကိုးခုအတွက်လည်း ရန်ပုံငွေကျပ် ၆၄၃ ဒသမ ၆၈ ဘီလီယံကို ခွင့်ပြုပေးထားသည်။ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် စံချိန်စံညွှန်းများနှင့် ညီညွတ်အောင်ဟန်ချက်ညီညီဖြင့် ဆောင်ရွက်သွားမည်ဆိုလျှင် လုပ်ငန်းများအောင်မြင်မည်ဖြစ်သည့်အတွက် သက်ဆိုင်သူအားလုံးအနေဖြင့် စေတနာထားကာ အလေးထားပူးပေါင်းဆောင်ရွက်သွားသင့်သည်။

**သာယာဝပြောသော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများနေထိုင်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဖြင့် အများဆုံးအသက်မွေးဝမ်းကျောင်းပြုနေကြသည့်ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်ရေးအတွက်လည်း ဦးစားပေးလုပ်ဆောင်လျက်ရှိသည်မှာ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

အမှန်တော့ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ လူမှုဘဝအရည်အသွေးမြှင့်တင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရတစ်ခုတည်းမဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများအပါအဝင် သက်ဆိုင်သူအားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်ပြီး ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှသာလျှင် ရည်မှန်းချက်များ ထိရောက်အောင်မြင်မည်ဖြစ်သည်။

ထိုသို့နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကာ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိရပ်ရွာဖွံ့ဖြိုးရေးအတွက် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးသာယာဝပြောမှုမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်မည်ဟုခိုင်မာစွာယုံကြည်မိပါကြောင်း ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်သော **"ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့"**ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **၇-၇-၂၀၂၅ ရက်နှင့် ၂၇-၆-၂၀၂၆ ရက်ထုတ် သတင်းစာများ။**
- **https://www.mcrd.gov.mm/**

**မောင်စိန်အိ(နဘဲမြေ)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ဂန္ဓဝင်တော့ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က ဇူလိုင် ၁၂ ရက်တွင် ထုတ်လွှင့်မည်



**ရန်ကုန် ဇူလိုင် ၅**

ဂန္ဓဝင်တော့ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel က ဇူလိုင် ၁၂ ရက်တွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် နေတိုးက ပြောပြ၍ သိရသည်။

ဂန္ဓဝင်တော့ ရုပ်ရှင်ဇာတ်ကား၏ဇာတ်လမ်းကို မနုတ်ကိုကိုဇော်က ရေးဖွဲ့ထားပြီး ရာဇဝင်ကိုက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ စိုးမိုးမင်းက Lucky 10 ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက ၂၀၂၅ ခုနှစ် မေ ၂၄ ရက်က ရုံတင်ပြသထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ပြသစဉ်ကလဲ ကြည့်ရှုအားပေးသူတွေလဲ များပြားခဲ့ပါတယ်။ ဂန္ဓဝင်တော့ ရုပ်ရှင်ဇာတ်ကားက ကျွန်တော်ရိုက်ကူးခဲ့တဲ့ ဇာတ်ကားတွေထဲမှာ ရှေ့ကကားတွေနဲ့ မတူညီအောင် အဓိက ကြိုးစားသရုပ်ဆောင်ထားတဲ့ကားပါ။ ဒီကားမှာပါဝင်ကြတဲ့ ဝါရင့်အနုပညာရှင်ကြီးတွေရော ကျွန်တော်နဲ့ တစ်ခါမှ တွဲသရုပ်မဆောင်ဖူးသေးတဲ့သူတွေ အကုန်လုံးနဲ့ပူးပေါင်းပြီးတော့ အကောင်းဆုံးကြိုးစားထားတဲ့ကားလေးပါ။ CANAL+ ZAT LENN Channe က ပြသတဲ့အခါ အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် နေတိုးက ပြောပြသည်။

ဂန္ဓဝင်တော့ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ စည်ဖြိုး၊ ဟိန်းသီဟ၊ ဘုန်းလျှံ၊ ဇော်ဝင်းနိုင်၊ အရိုင်း၊ နေလင်း၊ စူပါလင်း၊ သွက်လက်၊ ဝိုင်းဝိုင်းလည်၊ ဂျက်လီ၊ ထက်ထက်ထွန်း၊ ခြူးစစ်ဟန်၊ ဂွမ်းပုံလေး၊ ယွန်းသဒ္ဒါချယ်၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Comebacker ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇူလိုင် ၃၀ တွင် ရုံတင်ပြသရန်စီစဉ်

**နယူးယောက် ဇူလိုင် ၅**

The Comebacker အမည်ရှိ ဘေ့စ်ဘော အားကစားလောက နောက်ခံရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၄ ရက် သတင်းများအရ သိရသည်။

The Comebacker ဇာတ်ကားတွင် မင်းသားကြီး တွမ်ဟင့်က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

The Comebacker ဇာတ်ကားကို ဒါရိုက်တာ မာရီရယ်လာဟယ်လာက တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

The Comebacker ဇာတ်ကားကို စာရေးဆရာ ဒေ့အဂ္ဂါ၏ The Comebacker ဝတ္ထုတို(2024) ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

The Comebacker ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ မာရီရယ်လာဟယ်လာ ကိုယ်တိုင် တာဝန်ယူရေးသားပေးထားသည်။

အမျိုးသမီးဒါရိုက်တာ မာရီရယ်လာဟယ်လာသည် Night-bitch ဇာတ်ကားနှင့် The Diary of a Teenage Girl ဇာတ်ကားများကို ရိုက်ကူးပေးထားသော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ရွှေပင်အို ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လတတိယပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် ဇူလိုင် ၅**

Real Bros. Film Production က စီစဉ်ရိုက်ကူးသည့် ရွှေပင်အို ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လတတိယပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ရွှေပင်အို ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အောင်ခန့်ဇော် (စိန်ပေါလ်) က ရေးသားထားပြီး နေစိုးသော်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က Real Bros. Film Production အတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာတော့ လမ်းမှားရောက်သွားတဲ့ သားလေးက ဘယ်အချိန်မှာမှများ အိမ်ပြန်လမ်းကို ရှာတွေ့နိုင်မှာတဲ့လဲဆိုတဲ့ မိခင်ရဲ့သောက၊ မေတ္တာတရားနဲ့ အမေ့ရဲ့မေတ္တာတွေကို နောက်ဆုံးအချိန်ထိ နားလည်မှုမပေးနိုင်ခဲ့ဘဲ သူ့စိတ်တိုင်းကျဘဝကြီးကို တည်ဆောက်ချင်ခဲ့တဲ့သားတစ်ယောက်ရဲ့အတ္တယှဉ်ပြိုင်ခန်းကို မြင်ရမှာပါ။ လောကကြီးထဲမှာ ပေးဆပ်ခြင်း စွန့်လွှတ်အနစ်နာခံခြင်းပေါင်းများစွာနဲ့ အမြဲဆုံးမသွန်သင်ခဲ့တဲ့ ကမ္ဘာပေါ်ရှိအမေများအားလုံးရဲ့ချစ်ခြင်းမေတ္တာကို ဒီဇာတ်ကားနဲ့ ဂါရဝပြုထားပါတယ်"ဟု ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က ပြောပြသည်။



ရွှေပင်အို ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အလင်းရောင်၊ ညီထွဋ်ခေါင်၊ ထွန်းကိုကို၊ ထက်ထက်မိုးဦး၊ မိုးဟေကို၊ နော်ဖောအယ်ထား၊ ဧည့်သည်သရုပ်ဆောင်အဖြစ် မေသန်းနု၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Lionsgate ၏ The Reckoner ကို ဒါရိုက်တာ ကင်ဂျီတာနီကာဂီ ရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၅**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Reckoner အမည်ရှိ အက်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ကင်ဂျီတာနီကာဂီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၄ ရက် သတင်းများအရ သိရသည်။

The Reckoner ဇာတ်ကားတွင် မင်းသား ပီတာဒင်းကလက်က အဓိကဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို Jhon Wick ဇာတ်ညွှန်းရေးဆရာ ဒါရက်ကိုးစတက်က တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

ဒါရိုက်တာ ကင်ဂျီတာနီကာဂီသည် Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Furious ဇာတ်ကားကို ပြီးခဲ့သည့်နှစ်အတွင်း ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Reck-oner ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Lions-gate ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

The Reckoner ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရုပ်ရှင်လောကသားများ၏ စားဝတ်နေရေးပံ့ပိုးနိုင်ရန်အတွက် TWP Co.,Ltd က အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၅**

ရုပ်ရှင်လောကသားများ၏ စားဝတ်နေရေး ပံ့ပိုးနိုင်ရန်အတွက် TWP Co.,Ltd က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်းပွဲကို ဇူလိုင် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Suniram Park ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အလှူရှင် ဦးသိန်းထွန်း (TWP Co.,Ltd)က ပြောပြ၍ သိရသည်။

အဆိုပါ ရုပ်ရှင်လောကသားများ စားဝတ်နေရေးအတွက် ပံ့ပိုးနိုင်ရန် TWP Co.,Ltd ၏ အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်းပွဲတွင် တက်ရောက်လာသည့် ရုပ်ရှင်လောကသားများကို TWP Co.,Ltd မှ အလှူရှင် ဦးသိန်းထွန်းက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

"ကျွန်တော့်အနေနဲ့ ရုပ်ရှင်လောကသားတွေကို ကူညီချင်တဲ့စိတ်ဆန္ဒရှိတယ်။ ရုပ်ရှင်အစည်းအရုံးမှာ လှူဒါန်းလို့ရပေမဲ့ ကျွန်တော့်အနေနဲ့ ဒီမှာဖိတ်ကြားရတာက အလှူငွေလှူဒါန်းရင်းနဲ့ ရင်းရင်းနှီးနှီးစကားတွေ ပြောကြားရင်းနဲ့ နေ့လယ်စာကို တည့်ခင်းဧည့်ခံကျွေးမွေးချင်တာမို့ပါ"ဟု အလှူရှင် ဦးသိန်းထွန်း (TWP Co.,Ltd) က ပြောပြသည်။

အဆိုပါ အလှူငွေလှူဒါန်းပွဲသို့ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ သရုပ်ဆောင် ရန်အောင်၊ ခန့်စည်သူ၊ သူထူးစံ၊ ချမ်းသာကြည်စိုး၊ ခိုင်နှင်းဝေ၊ ဒါရိုက်တာ အောင်ဩဘာ စသည့်အနုပညာရှင်များနှင့် TWP Co., Ltd မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ASH

# High-level Myanmar delegation led by President U Min Aung Hlaing, his spouse Daw Kyu Kyu Hla visit Royal Palace Museum in Luang Prabang



President U Min Aung Hlaing visits Wat Xieng Thong Temple.


**Nay Pyi Taw July 5**

President of the Republic of the Union of Myanmar U Min Aung Hlaing and his spouse Daw Kyu Kyu Hla and delegation members, during the State Visit to the Lao People's Democratic Republic, visited the Royal Palace Museum in Luang Prabang this morning.

The President, his spouse and delegation members left Wattay International Airport in Vientiane for Luang Prabang. They were warmly seen off at the airport by Minister at the President's Office of Laos Mrs Phongsamouth Anlavan, senior officers form the Lao Government, and officials along with the Guard of Honour.

On arrival at Luang Prabang International Airport, the President-led high-level Myanmar delegation was welcomed by Secretary of the Luang Prabang Provincial Party Committee Mr Bounleuam Manivong, his wife and officials. So also, the President and his spouse were also welcomed by scout youth along both sides of the red carpet by waving flags of both countries.

At the Royal Palace Museum, they were welcomed by officials.



President U Min Aung Hlaing and Daw Kyu Kyu Hla being welcomed at the airport on their arrival in Luang Prabang.



President U Min Aung Hlaing and Daw Kyu Kyu Hla pose for a group photo at the Royal Palace Museum.

The President, his spouse and party paid homage to Laos' ancient Buddha Image Phra Bang in the museum and offered oil light and flowers. They donated the golden lotus robes, a scale model of Maravijaya Buddha Image for public obeisance and the record book on construction of the image to an official.

The President, his spouse and party also visited the chamber of the Buddha Image. Officials conducted them round the museum.

The Phra Bang Buddha Image is located to the right of the entrance to the Royal Palace Museum. It was cast in Sri Lanka in the $1^{st}$ century and was presented by the Khmer king to his son-in-law, the Lao King Fa Ngum, as a gift in 1359. The temple housing the Buddha image was first constructed in 1963. However, construction was interrupted by the civil war and resumed in 1990 before the temple was officially inaugurated in 2006.

The President, his spouse and party viewed round royal regalia used by ancient Lao kings displayed at the Royal Palace Museum. Officials conducted them round the museum.

The President signed the visitors' book of the museum. The President and his spouse had documentary photos taken together with delegation members.

The Royal Palace Museum is situated on the bank of the Mekong River and has been preserved as one of the country's most revered sites. Originally, the palace was constructed entirely of teak. During its reconstruction, however, teak was replaced with brick, incorporating a blend of French Beaux-Arts design and traditional Lao architectural styles. Following the Lao takeover in 1975, the monarchy was abolished, and the royal family was required to leave the palace. It was subsequently converted into the National Museum. In 1995, UNESCO officially designated the entire city of Luang Prabang as a World Heritage Site. As part of that designation, the Royal Palace Museum was recognized as a key component of the city's historic heritage core zone. The museum received this distinction for its outstanding fusion of French colonial architecture and traditional Lao artistic craftsmanship.

In the afternoon, the President, his spouse and party paid homage to Wat Xieng Thong Temple. They were welcomed by officials.

They also paid homage to the Buddha Image in the temple and offered oil light, flowers and golden lotus robes and donated a scale model of Maravijaya Buddha Image for public obeisance and a record book on construction of the image.

The President and his spouse and party paid homage to ancient Buddha images in the temple. The President, his spouse and party had documentary photos taken.

Wat Xieng Thong Temple was built during the reign of King Saya Setthathirath in the $16^{th}$ century and was completed in 1560. It is regarded as one of the most remarkable examples of traditional Lao craftsmanship and architecture. The temple is particularly renowned for its gilded mosaic mural depicting the Tree of Life and the distinctive roof design of its ordination hall. It is widely believed that those who visit and pay homage at Wat Xieng Thong while in Luang Prabang Province will be blessed with good health, happiness, prosperity, and success. With its intricately gilded façade and colorful gold-and-glass mosaic decorations, the temple is considered one of the most beautiful Buddhist temples in Asia and attracts large numbers of tourists from around the world.

MNA

# President of the Republic of the Union of Myanmar U Min Aung Hlaing receives Secretary of Luang Prabang Provincial Party Committee



**President U Min Aung Hlaing receives Secretary of the Luang Prabang Provincial Party Committee Mr. Bounleuam Manivong.**

**Nay Pyi Taw July 5**

Secretary of the Luang Prabang Provincial Party Committee Mr. Bounleuam Manivong paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing, who was on a State Visit to Luang Prabang in Lao People's Democratic Republic, this morning at the hotel the President is temporarily staying.

Also present at the call together with the President were his spouse Daw Kyu Kyu Hla and members of the high-level Myanmar delegation. The Luang Prabang Provincial Party Committee Secretary was accompanied by his wife and officials of the provisional government.

At the meeting, cordial discussions were centered on the heartly welcome accorded to the President, his spouse, and the high-level Myanmar delegation by the people of the Luang Prabang Province, opportunities created by the State Visit led by the President and his spouse to further deepen friendship between the two countries, cooperation between Myanmar and Laos as the two strategic partners, the two sister cities -- Luang Prabang in Laos and Bagan in Myanmar, benefits for the tourism sector of the two countries by promoting tourism and interactions between Luang Prabang in Laos and Yangon, Mandalay, Bagan and Kengtung in Myanmar, and the continued elevation of friendship and cooperation in multiple sectors.

After the call, the President and his spouse attended the Lao traditional praying ceremony (Baci festival). The President and the Party Secretary lighted the auspicious oil lamps, and said prayers in accord with the Lao tradition. The Party Secretary his wife and members of the provisional government tied auspicious white cotton threads (Sai Sin) around the hands of the President, his spouse and members of the delegation, and made wishes.

The President and spouse attended the honorary luncheon hosted by the Party Secretary and wife. Before the luncheon, the Party Secretary extended greets and the President spoke words of thanks.

Afterward, the President and spouse enjoyed the luncheon together with the Party Secretary and wife and attendees.

Before and during the luncheon, a cultural troupe of Luang Prabang Province staged traditional songs, music and dances.

After the luncheon, the President and wife cordially greeted the Party Secretary and wife and members.

MNA



**President U Min Aung Hlaing and Daw Kyu Kyu Hla attending the Lao traditional praying ceremony (Baci festival).**

# Sesame plantations thriving in Pwintbyu Township of Magway Region

**Pwintbyu July 5**

Sesane plantations irrigated by Mezali diversion weir are thriving in Pwintbyu Township of Magway Region.

In Pwintbyu Township, local farmers have been able to cultivate 57,625 acres of summer sesame across the entire township during the summer crop planting season using water from the Mezali Diversion Weir, with the aim of ensuring local edible oil sufficiency and increasing crop-based income. The cultivated summer sesame fields are thriving successfully as there is sufficient irrigation water and no pest or disease outbreaks. Local farmers are expecting good yields and better market prices during the harvest season.

"This year's summer crop planting season, we were able to cultivate 57,625 acres of sesame. At present, the sesame fields that have been cultivated are flourishing with abundant flowers and pods and are growing successfully. Regarding sesame cultivation, we have provided awareness and guidance on obtaining quality and pure seed varieties needed to improve yields and produce high-quality oil crops, adopting Good Agricultural Practices (GAP), and systematically using agricultural inputs and irrigation water. During the harvest period, we will also provide support and assistance with timely harvesting and threshing techniques to prevent yield losses," said Daw Moe Moe Wai, Head of the Department of Agriculture in Pwintbyu Township.

Daw Moe Moe Wai also said that if sesame is cultivated with good yields and quality, it can not only ensure sufficient local edible oil consumption but also generate income by selling surplus production, contributing to the improvement of social and economic livelihoods. Therefore, efforts must be made to expand sesame cultivation further.

Ye Win Naing (NyaungU)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# High-level Myanmar delegation led by President of Republic of Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla arrives back form LPDR




Members of Scout Lao wave the national flags of the two countries as President U Min Aung Hlaing and Daw Kyu Kyu Hla depart from the international airport in Luang Prabang.

**Nay Pyi Taw July 5**

Paying a state visit to Lao People's Democratic Republic at the invitation of LPDR President Mr. Thongloun Sisoulith, a high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and his wife Daw Kyu Kyu Hla left the international airport in Luang Prabang this afternoon.

The high-level delegation was seen off at the airport by senior officers of the LPDR led by Deputy Prime Minister, Minister of Foreign Affairs and Minister in Attendance Mr. Thongsavan Phomvihane and his wife, Myanmar Ambassador to Laos U Aung Ko and wife, Myanmar Military Attaché (Army, Navy, Air) Brig-Gen Yazar Tun and his wife and officials.

During the farewell, members of Scout Lao waved the national flags of the two countries and cordially bade farewell to the President and his wife on both sides of the red carpet.

The special flight carrying the President and his wife arrived back at the Tatmadaw Airport in Nay Pyi Taw in the evening and were welcomed back by Vice President U Nyo Saw and his wife, Vice President Daw Nan Ni Ni Aye, Pyithuhluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe and his wife, Commander-in-Chief of Defence Services General Ye Win Oo and his wife, union ministers and their wives, the chairman of Nay Pyi Taw Council, the commander of Nay Pyi Taw Command and officials from the Laos Embassy and the Office of the Military Attaché.

The President and his wife were accompanied by union ministers U Khin Maung Yi, U Tin Maung Swe and U Khin Maung Soe, Shan State Chief Minister U Sai Htein Soe, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers and officials.

During the state visit, the President met with the President, the president of the Lao National Assembly and the prime minister of the LPDR as well as with party secretary of Luang Prabang Province, observed small and medium enterprises of Laos and visited historic pagodas, religious edifices and landmarks there. MNA



President U Min Aung Hlaing and Daw Kyu Kyu Hla being welcomed back at the Tatmadaw Airport in Nay Pyi Taw.

## 46 suspects detained in Ankara security operation ahead of NATO Summit

**Ankara July 5**

Turkish police detained 46 suspects in the capital Ankara as part of a security operation ahead of the NATO Summit scheduled for July 7-8, according to Turkish media on Sunday.

Turkish media Haberturk reported that the operation was coordinated by the Ankara Chief Public Prosecutor's Office, with the participation of the Ankara Police Department's public security branch and other police units.

According to the report, the suspects were identified through technical and physical surveillance. They were accused of posting images featuring firearms on social media, had extensive criminal records, and were allegedly involved in various firearms-related incidents.

Police conducted simultaneous raids at multiple addresses across the city, and seized evidence related to alleged criminal activities. The suspects remain in custody while legal procedures continue, the report said.

It added that the operation forms part of broader security measures across Ankara ahead of the NATO Summit. Police have intensified inspections and expanded security perimeters around summit venues, with officers deployed around the clock at designated locations.

Turkish authorities said that all necessary judicial, administrative, and security measures had been put in place to ensure public order and security before and during the summit, with inspections and security operations to continue.

Xinhua

## Guinea-Bissau confirms first mpox case, activates response mechanisms

**Bissau July 5**

Guinea-Bissau has confirmed its first mpox case, prompting health authorities to activate national response mechanisms and call for heightened public vigilance.

Public Health Minister Quinhin Nantote announced the case on Saturday night, saying the patient is a 27-year-old woman who sought medical care on June 24.

Health workers collected samples from the patient's skin lesions and sent them to Guinea-Bissau's National Institute of Public Health for laboratory testing, which showed the presence of the mpox virus. The samples were later sent to the Institut Pasteur in Dakar, Senegal, where the diagnosis was confirmed, Nantote said at a press conference.

Following the confirmation, Guinea-Bissau's health authorities activated national response mechanisms in line with the International Health Regulations and guidelines of the World Health Organization. Epidemiological investigations have been launched to identify and monitor the patient's contacts.

Nantote said surveillance has been reinforced across the country and at border points, while urging the public to observe basic preventive measures, including frequent handwashing and avoiding close contact with people showing fever or skin rashes.

Mpox is a viral disease typically transmitted through body fluids, respiratory droplets and contaminated materials. Common symptoms include fever, muscle aches, skin lesions and swollen lymph nodes. Xinhua

# ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာဗောဓိဘုရားတွင် နံရံဆေးရေး ပန်းချီအထောက်အထားအသစ် ဖော်ထုတ်တွေ့ရှိ





ပုဂံ ဇူလိုင် ၅

အိန္ဒိယနိုင်ငံမှ Archaeological Survey of India (ASI) အဖွဲ့သည် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံအမှတ် (၁၆၇၀) မဟာဗောဓိဘုရားအား အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အင်္ဂတေပန်းလက်ရာများ ချေးချွတ်သန့်စင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နံရံပန်းချီ ရှိ၊ မရှိ စမ်းသပ်ကွက်တွင် နံရံဆေးရေးပန်းချီတွေ့ရှိခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာဗောဓိဘုရားအပေါ် ထပ်ဂန္ဓကုဋိတိုက်အတွင်းပိုင်း ထုံးသားလွှာအောက်တွင်နံရံပန်းချီ ရှိ၊ မရှိ နမူနာအကွက်ငယ် ၁၃ ကွက်အား စမ်းသပ်ခဲ့ရာ အရှေ့ဘက်နံရံတွင် ထင်ရှားသော နံရံပန်းချီ တစ်ကွက်၊ တောင်ဘက်နှင့်မြောက်ဘက်တွင် ဆေးသားမှိန်သည့် နံရံပန်းချီ တစ်ကွက်စီဖြင့် စုစုပေါင်း သုံးကွက်တွင် နံရံပန်းချီဆေးသားလွှာများကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ပုဂံဒေသတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၃၇ ဆူရှိသည့်အနက် နံရံဆေးရေးပန်းချီရှိသည့် ရှေးဟောင်းအဆောက်အအုံအရေအတွက်မှာ ယခင်က ၄၁၆ ဆူရှိသည်ဟု မှတ်တမ်းတင်ခဲ့သော်လည်း ယခုအခါ ၁၃ ရာစုခေတ်လက်ရာ မဟာဗောဓိဘုရားတွင် နံရံပန်းချီရှိကြောင်း ထပ်မံဖော်ထုတ်တွေ့ရှိခဲ့သဖြင့် နံရံပန်းချီရှိဘုရား တစ်ဆူ ထပ်မံပေါ်ပေါက်လာသည့်အခြေအနေဖြစ်ပြီး မဟာဗောဓိဘုရားအား နိုင်ငံဖြတ်ကျော်ပူးတွဲအဆိုပြု ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းဘုရားရှိ နံရံပန်းချီများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**






# ညောင်လေးပင်မြို့နယ် မယ်ဇလီခင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ညောင်လေးပင် ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီခင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်က မယ်ဇလီခင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မယ်ဇလီခင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်ထံမှ သိရသည်။

**မောင်ခိုင်**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၂၅၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မင်းကင်း ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၂၅၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၆၁၉ ဧကနှင့် ဖူးစားပြောင်း ၂၅၄၅ ဧက စုစုပေါင်း ၃၁၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၁၉ ဧကနှင့် ဖူးစားပြောင်း ၂၃၅၈ ဧက စုစုပေါင်း ၂၅၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေနဲ့ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ အသိပညာပေးတာတွေကို ဆောင်ရွက် ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းဆင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် ဆင်ပေါင်ဝဲ- မိချောင်းရဲလမ်းပေါ်၌ ရေကျော်တည်ဆောက်ပြီးစီးမှု စစ်ဆေး

ဆင်ပေါင်ဝဲ ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆင်ပေါင်ဝဲ- မိချောင်းရဲလမ်းပေါ်၌ ရေကျော် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းပေါ်၌ ရေကျော်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ ဆင်ပေါင်ဝဲ- မိချောင်းရဲလမ်းပေါ်၌ အရှည်ပေ ၃၀၊ အကျယ် ၁၂ပေ၊ အမြင့်ကိုးလက်မရှိ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၂၁၈ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ယခုနှစ် ဖေ ၂၀ ရက်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းကို မှီခိုအသုံးပြုနေကြသော ကျေးလက်နေပြည်သူများအတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

**နော်လူး**



☆ **ကျောဖုံးမှအဆက်**

အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌လှိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လွန်ပရာဘန်ပြည်နယ်ပါတီအတွင်းရေးမှူး H.E. Mr. Bounleuam MANIVONG နှင့် ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် လာအိုကင်းထောက် လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံ အလံများဝှေ့ယမ်းပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ကို လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း“ဖဘန်”ဘုရားကို ဖူးမြော်ကြည်ညို၍ ဆီမီးနှင့် ပန်းများကပ်လှူပူဇော်ပြီး ရွှေကြာသင်္ကန်းနှင့် အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်ကို လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ၎င်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဘုရားကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လွန်ပရာဘန်မြို့ တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း “ဖဘန်”ဘုရားကို ဖူးမြော်ကြည်ညိုစဉ်။







ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို လွန်ပရာဘန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး H.E. Mr. Bounleuam MANIVONG နှင့် ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

အဆိုပါ “ဖဘန်”ဘုရားသည် နန်းတော်ပြတိုက်၏ ဝင်ပေါက်ညာဘက်တွင်ရှိပြီး ၁ ရာစုက သီရိလင်္ကာနိုင်ငံတွင် သွန်းလောင်းခဲ့ပြီး ၁၃၅၉ ခုနှစ်တွင် ခမာဘုရင်က ၎င်း၏သမက် လာအိုဘုရင် Fa Ngum ကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဘုရားကျောင်းတော်ကို ၁၉၆၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ပြည်တွင်းစစ်ကြောင့် ၁၉၇၀ ပြည့်နှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးလာအိုဘုရင်များအသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တော်ဝင်နန်းတော်ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ တော်ဝင်နန်းတော်ပြတိုက်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တော်ဝင်နန်းတော်ပြတိုက်သည် မဲခေါင်မြစ်ကမ်းပါးပေါ်တွင် တည်ရှိပြီး နိုင်ငံ၏အမြင့်မြတ်ဆုံးနေရာအဖြစ် ထိန်းသိမ်းထားရှိကြောင်း၊ ယခင်က ကျွန်းသစ်များဖြင့်သာဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ပြန်လည်ပြုပြင်သည့်အခါတွင် ပြင်သစ် Beaux

❑ **ရိုးရာခြင်းလုံးပြိုင်ပွဲမှ**

ဒုတိယဝန်ကြီး ဦးသောင်းနိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ Linking Event–3 အမျိုးသမီးပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၇ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၃၀၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၆ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၂၆ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၉ မှတ်၊အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၇၀၊ Linking Event–3 အမျိုးသားပြိုင်ပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းက ရမှတ် ၃၀၁ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၂၂၈ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၇၉ မှတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၃၁၄ မှတ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အသင်းက ရမှတ် ၄၄၄ မှတ်၊ ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၃၅ မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၀၄ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၄၁၃ မှတ်၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ရမှတ် ၃၈၁ မှတ်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ရမှတ် ၅၀၈ မှတ် ရရှိကြသည်။

ဇူလိုင် ၆ ရက်တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event–3 အမျိုးသမီးပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ Linking Event–3 အမျိုးသားပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ လေးပေါက်တန်းအမျိုးသမီးပြိုင်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ခြောက်ပေါက်တန်းအမျိုးသားပြိုင်ပွဲတွင်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဇူလိုင် ၁ ရက်မှ ၆ ရက်ထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဇူလိုင် ၇ ရက် ညနေ ၃ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV–4 HD Channel နှင့် MRTV Sports Channel တို့တွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❍ **မုန်တိုင်းငယ်မှ**

ရေမိုင် ၃၇၅ မိုင်ခန့် အိန္ဒိယနိုင်ငံ ဘာလဆောမြို့(Balasore)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၅ မိုင်ခန့်နှင့် ဒီဂါမြို့(Digha) ၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါမုန်တိုင်းငယ်(Depression)သည် အနောက်- အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ချမ်ဘလီမြို့နှင့် ဒီဂါမြို့တို့အကြား ဘာလဆောမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှလှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

လက်ရာများနှင့် လာအိုဗိသုကာပုံစံတို့ကို ရောနှော၍ အုတ်ကိုအစားထိုးကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊၁၉၇၅ ခုနှစ်တွင် လာအိုတို့အာဏာရရှိလာခဲ့ချိန်တွင် ဘုရင်စနစ်ကိုဖျက်သိမ်းခဲ့ပြီးနောက် တော်ဝင်မိသားစုတို့သည် အဆိုပါနန်းတော်မှ ထွက်ခွာခဲ့ရပြီး ယခုကဲ့သို့အမျိုးသားပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ယူနက်စကို(UNESCO)အဖွဲ့ကြီးက လွှန်ပရာဘန်မြို့တစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ်မြို့အဖြစ် တရားဝင်သတ်မှတ်ခဲ့ရာတွင် ယခုဘုရင့်နန်းတော်ပြတိုက်သည် မြို့၏သမိုင်းဝင် အမွေအနှစ်ဗဟိုချက်(Core Zone)အဖြစ် အဓိကဂုဏ်ပြုသတ်မှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ပြင်သစ်ကိုလိုနီခေတ်ဗိသုကာလက်ရာနှင့် လာအိုရိုးရာအနုပညာတို့ ထူးခြားပြောင်မြောက်စွာ ပေါင်းစပ်တည်ဆောက်ထားမှုကြောင့် အဆိုပါဂုဏ်ထူးဆောင်ဆုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း “ဖဘန်” ဘုရားအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေကြာသင်္ကန်း လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဝမ်စီယမ်သုန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဦးစွာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဝမ်စီယမ်သုန်ဘုရားကျောင်းအတွင်းရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်းနှင့်ရွှေကြာသင်္ကန်းကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဝမ်စီယမ်သုန်ဘုရားကျောင်းအတွင်း အများပြည်သူဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှုသမိုင်းမှတ်တမ်းစာအုပ်ကို လှူဒါန်းသည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ဘုရားကျောင်းအတွင်းရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လိုက်လံဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါဝမ်ဆီယမ်သုန်ဘုရားကို ၁၆ ရာစုနှစ်အတွင်း ဘုရင် Saya Setthathirath လက်ထက်တွင်တည်ဆောက်ခဲ့ပြီး ၁၅၆၀ ပြည့်နှစ်တွင်တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ အဆိုပါဘုရားကျောင်းသည် လာအိုနိုင်ငံ၏ ရိုးရာလက်ရာများနှင့် ဗိသုကာလက်ရာများ အနက် စိတ်ဝင်စားစရာကောင်းသည့် ဘုရားကျောင်းတစ်ခုလည်းဖြစ်ပြီး မှန်စီရွှေချ ဘဝသစ်ပင်ပန်းချီကားနှင့် သိမ်တော်အဆောက်အအုံ၏ ခေါင်မိုးဗိသုကာလက်ရာများမှာ ထင်ရှားကြောင်း၊လွှန်ပရာဘန်ပြည်နယ်သို့ ရောက်ရှိခဲ့ပါက ဝမ်စီယမ်သုန်ဘုရားကျောင်းသို့သွားရောက်ဖူးမြော်ပါက ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ အောင်မြင်မှုများရရှိသည်ဟု ယုံကြည်သက်ဝင်ကြကြောင်း၊ ရွှေဖြင့်အနုစိတ်စီကာထားသည့် မျက်နှာစာ၊ မှန်စီရွှေချရွှေရောင်စုံပန်းချီကားများကြောင့် အာရှတိုက်တွင် အလှပဆုံးဘုရားကျောင်းတစ်ကျောင်းအဖြစ် ကမ္ဘာလှည့်ခရီးသွားအများအပြား လာရောက်လည်ပတ်လေ့ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လွှန်ပရာဘန်မြို့ တော်ဝင်နန်းတော်ပြတိုက်တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

- **နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်မှ**

ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။




**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇူလိုင် ၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွန်ပရာဘန်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ယနေ့နံနက်ပိုင်းတွင် လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်က ခေတ္တတည်းခိုရာဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ တက်ရောက်ကြပြီး လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့်ဇနီး၊ လွန်ပရာဘန်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လွန်ပရာဘန်ပြည်နယ်ပြည်သူများက ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ကြိုဆိုမှုအခြေအနေများ၊ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုအဆင့်မြှင့်တင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လာအိုနိုင်ငံ လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် ညီအစ်မမြို့(Sister City) များဖြစ်ကြပြီး လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပုဂံနှင့် ကျိုင်းတုံမြို့တို့အကြား ခရီးသွားကဏ္ဍနှင့် ကူးလူးဆက်ဆံမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံခရီးသွားကဏ္ဍအတွက် များစွာအကျိုးဖြစ်စေမည့် အခြေအနေများနှင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လာအိုရိုးရာ ဆုတောင်းပွဲအခမ်းအနား(ဘာစီပွဲတော်)သို့တက်ရောက်ပြီး နိုင်ငံတော်သမ္မတနှင့် လွန်ပရာဘန် ပြည်နယ်ပါတီအတွင်းရေးမှူးတို့က မင်္ဂလာဆီမီးများထွန်းညှိပူဇော်၍ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများတောင်းကြကာ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့်ဇနီး၊ လွန်ပရာဘန်ပြည်နယ် အစိုးရအဖွဲ့ဝင်များက နိုင်ငံတော်သမ္မတနှင့် ဇနီး၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ လက်များ၌ ဘာစီရိုးရာမင်္ဂလာကြိုးဖြူ(Sai Sin) ဖြင့် ချည်နှောင်၍ ဆုတောင်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လွန်ပရာဘန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။ ဂုဏ်ပြုနေ့လယ်စာမသုံးဆောင်မီ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လွန်ပရာဘန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လွန်ပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာ တေးသီချင်းများနှင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုရိုးရာဆုတောင်းပွဲအခမ်းအနား(ဘာစီပွဲတော်)၌ မင်္ဂလာဆီမီးထွန်းညှိပူဇော်စဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့် ဇနီးတို့ ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် လွန်ပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာတေးသီချင်းများနှင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**ရှေ့ဖုံးမှအဆက်**

အဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ)ဗိုလ်မှူးချုပ် ရာဇာထွန်းနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် လာအိုကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများဝှေ့ယမ်းပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ကို လှိုက်လှဲနွေးထွေးစွာဖြင့် နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး လိုက်ပါလာသည့် အထူးလေယာဉ်သည် နေပြည်တော် တပ်မတော်လေဆိပ်သို့ရောက်ရှိရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှန်ပရာဘန်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ခြင်း၊ လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းသို့ သွားရောက်လေ့လာခြင်းနှင့် လာအိုနိုင်ငံရှိ သမိုင်းဝင်ဘုရားပုထိုးစေတီကျောင်းများနှင့် အထင်ကရနေရာများသို့သွားရောက်ဖူးမြော် ကြည်ညိုလေ့လာကြည့်ရှုခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို လွှန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လာအိုကင်းထောက် လူငယ်မောင်မယ် လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ လှိုက်လှဲနွေးထွေးစွာ နှုတ်ဆက်ကြစဉ်။

## နေပြည်တော်နဲ့ ဗီယင်ကျန်းတို့ကို Sister City အဖြစ် ဆက်သွယ်ဆောင်ရွက်သွားဖို့၊ ကျိုင်းတုံနဲ့ လွှန်ပရာဘန်မြို့ကို လေကြောင်းလိုင်းပြေးဆွဲဖို့၊ နယ်စပ်ဒေသကုန်သွယ်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ သတင်းအချက်အလက်တွေ ဖလှယ်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ . . .

**ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများအား ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**မေး ။ ။ နိုင်ငံတော်သမ္မတက လာအိုနိုင်ငံကို အာဆီယံနိုင်ငံတွေထဲမှာ ပထမဆုံး သွားရောက်ဖြစ်တဲ့ အကြောင်းရင်းကို ပြောပေးပါဦး။**

ဖြေ ။ ။ ကျွန်မတို့ သမ္မတကြီးက အာဆီယံနိုင်ငံထဲမှာ လာအိုနိုင်ငံကို ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပါတယ်။ ဒီလို သွားရောက်တဲ့ အကြောင်းရင်းက အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံက နှစ်ပေါင်း (၇၀) ကျော် သံတမန် ဆက်ဆံရေးရှိခဲ့တဲ့ နိုင်ငံပါ။ နယ်နိမိတ်ချင်းလည်း ထိစပ်နေတယ်။ အစဉ်အဆက် ရင်းနှီးစွာ ဆက်ဆံခဲ့တယ်။ ပြည်သူတွေချင်း ဆက်ဆံရေးဆိုရင် နှစ်ပေါင်း (၇၀) မကပါဘူး။ နှစ်ပေါင်းရာချီပြီး ပြည်သူအချင်းချင်း ဆက်ဆံခဲ့တဲ့နိုင်ငံပါ။ ပြီးတော့ မြန်မာနိုင်ငံကို အမြဲတမ်း Supporting ပေးခဲ့တယ်။ နယ်နိမိတ်တစ်လျှောက်မှာ နယ်စပ်ပြဿနာ လုံးဝမရှိခဲ့တဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံလုံးက အာဆီယံကို တစ်ရက်တည်း ဝင်ခဲ့ကြပါတယ်။ လာအိုနိုင်ငံက ၂၀၂၄ ခုနှစ်မှာ အာဆီယံ Chair အဖြစ် တာဝန်ယူစဉ်ကလည်း ကျွန်မတို့နိုင်ငံကို အပြည့်အဝထောက်ခံခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံဘက်က အပြည့်အဝ ရပ်တည်ခဲ့ပါတယ်။ သံတမန်ဆက်ဆံရေး တစ်လျှောက်မှာလည်း တကယ်ကို မိတ်ဆွေအရင်းအချာပမာ ဆက်ဆံခဲ့တဲ့ အိမ်နီးချင်းကောင်း နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါက ကျွန်မတို့နှစ်နိုင်ငံရဲ့ နိုင်ငံရေး၊ သံတမန်ရေးပါ။

နောက်တစ်ခုက လာအိုနိုင်ငံက အာဆီယံနိုင်ငံထဲမှာ landlocked country ပါ။ landlocked



ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး

country ကနေပြီး land-linked country ဖြစ်လာတယ်။ လာအိုနိုင်ငံကနေ လျှပ်စစ်ဓာတ်အားတွေကို ဗီယက်နမ်၊ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို ရောင်းချနိုင်ခဲ့တဲ့ အနေအထားကို ရောက်လာပါတယ်။ အဲဒီတော့ ကျွန်မတို့က ဒါတွေကို လေ့လာချင်တယ်။ လာအိုနိုင်ငံဟာဆိုရင် မဲခေါင်မြစ်ကြီးတစ်ခုပဲရှိတဲ့ နိုင်ငံပါ။ ကျွန်မတို့နိုင်ငံမှာဆိုရင် မြစ်ကြီးလေးစင်းရှိပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် လေ့လာဖို့၊ ဆွေးနွေးဖို့အတွက် လာအိုနိုင်ငံကို ပထမဆုံး အာဆီယံနိုင်ငံထဲက နိုင်ငံအဖြစ် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

**မေး ။ ။ လာအိုနိုင်ငံ ခရီးစဉ်ကနေ ဘယ်လို သဘောတူညီချက်တွေ ရရှိခဲ့ပါသလဲ။**

ဖြေ ။ ။ မြန်မာ - လာအို ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် ဆက်ဆံရေးအဖြစ် မြှင့်တင်ဖို့ သဘောတူညီခဲ့ပါတယ်။ ပြီးတော့ ရေအားလျှပ်စစ်နဲ့ ပတ်သက်လို့ မြန်မာနဲ့ လာအိုနဲ့ ပူးပေါင်းပြီးတော့ မဲခေါင်မြစ်ဝှမ်းတစ်လျှောက်မှာ ရေအားလျှပ်စစ် ဘယ်လောက်ထုတ်နိုင်မလဲဆိုတဲ့ Feasibility Study လုပ်ဖို့အတွက်သဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြီးတော့ အလုပ်သမားရေးရာနဲ့ ပတ်သက်လို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ နှစ်နိုင်ငံ မြို့တော် နေပြည်တော်နဲ့ ဗီယင်ကျန်းတို့ကို Sister City အဖြစ် ဆက်သွယ်ဆောင်ရွက်သွားဖို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျန်ဆွေးနွေးခဲ့တဲ့ အချက်တွေလည်း ရှိပါတယ်။ ဒါကတော့ ကျိုင်းတုံနဲ့ လွှန်ပရာဘန်မြို့ကို လေကြောင်းလိုင်း ပြေးဆွဲဖို့၊ နယ်စပ်ဒေသ ကုန်သွယ်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ သတင်းအချက်အလက်တွေ ဖလှယ်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။

**မေး ။ ။ ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုက ဘာဖြစ်မလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုကို ပြောရမယ်ဆိုရင် နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးမှာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် တိုးမြှင့်ဖို့အတွက် အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါတယ်။ ချစ်ကြည်ရင်းနှီးမှု မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့ပါတယ်။

**မေး ။ ။ မြန်မာ-လာအို ရေအားလျှပ်စစ်စီမံကိန်းအတွက် MoU ရေးထိုးခဲ့တယ်လို့ သိရပါတယ်။ အဲဒီကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါမလဲ။**

ဖြေ ။ ။ မြန်မာနဲ့ လာအို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့ဆိုတာထက် ပထမဆုံးအနေနဲ့ မဲခေါင်မြစ်ဝှမ်းမှာ နှစ်နိုင်ငံပူးပေါင်းပြီးတော့ Feasibility Study လုပ်ဖို့အတွက် agreement ရယူခဲ့တာပါ။ ဒီ agreement ကနေ လျှပ်စစ်ဓာတ်အား ဘယ်လောက်ထုတ်နိုင်မလဲဆိုတာပါ။ သမ္မတကြီးက အမြဲတမ်းပြောတာရှိပါတယ်။ စွမ်းအင်လုံခြုံမှုရှိတာက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်တယ်ဆိုတာကို အမြဲတမ်း လမ်းညွှန်မှုပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာ လိုအပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကို ဘယ်ကနေရရှိနိုင်မလဲဆိုတာ အမြန်ဆုံးနဲ့ ဈေးအသက်သာဆုံး နည်းလမ်းကနေ ရရှိဖို့အတွက် နည်းလမ်းတွေ ရှာဖွေတဲ့နေရာမှာ ဒါ one of the source ဖြစ်လာနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်သာ အောင်မြင်မယ်၊ လေ့လာချက်တွေကနေပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းပြီး ရေစွမ်းအင်ကနေ လျှပ်စစ်ရင်းမြစ်တွေ ဖော်ထုတ်နိုင်မယ်ဆိုရင် နှစ်နိုင်ငံပြည်သူတွေအတွက် များစွာအကျိုးရှိမှာ ဖြစ်ပါတယ်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နှစ်နိုင်ငံ မဟာဗျူဟာမြောက်မိတ်ဖက်ခရီးလမ်း သို့မဟုတ် မဲခေါင်မြစ်ဝှမ်းမှ သတင်းစကား(၂)

လတ်တလောမှာတော့ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ဟာ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေတဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကြောင့် ပိုပြီးတော့ သက်ဝင်လှုပ်ရှားနေတာကို တွေ့ရပါတယ်။

ဇူလိုင်လရဲ့ မိုးဦးကျကာလမို့ ဗီယင်ကျန်းမြို့ရဲ့ ရာသီဥတုက အေးမြသာယာပြီး လေပြည်လေးတွေ တိုက်ခတ်နေပါတယ်။ မိုးဖွဲဖွဲလေးတွေ ကြားထဲမှာပဲ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လာအိုနိုင်ငံရဲ့ အထွတ်အမြတ်ဆုံး သမိုင်းဝင် ထက်လွှမ်းစေတီတော်ကြီး (That Luang Stupa) ဆီကို သွားရောက်ဖူးမြော်ခဲ့ကြပါတယ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ထက်လွှမ်းစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့်ပန်းမန်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။ (၄-၇-၂၀၂၆)

**တကယ်တော့ ဒီခရီးစဉ်ဟာ သာမန်သံတမန်ရေးရာ ခရီးစဉ်တစ်ခုတင်မကဘဲ မြန်မာနဲ့ လာအို နှစ်နိုင်ငံကြားက တူညီတဲ့ ထေရဝါဒဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံတွေကို ပိုပြီးခိုင်မာအောင် ပြန်လည်ဆန်းသစ်လိုက်တဲ့ ခရီးစဉ်တစ်ခုလဲ ဖြစ်ပါတယ်။ ရွှေရောင်ဝင်းပတဲ့ ထက်လွှမ်းစေတီတော်ကြီးဆီက သာသနာရေးဆက်စပ်မှုတွေ၊ Phonthong Handicrafts Cooperation and Cama Crafts ထဲက တူညီတဲ့စီးပွားရေးမျှော်မှန်းချက်တွေနဲ့ ဗီယင်ကျန်းမြို့လယ်က Patuxai (Victory Gate)တည်ရှိရာဆီက သမိုင်းကြောင်းတွေဟာ နှစ်နိုင်ငံပြည်သူတွေရဲ့ နှလုံးသားချင်းကို ပိုပြီးနီးစပ်သွားစေခဲ့ . . .**

## ရွှေရောင်ဝင်းပသည့် အထွတ်အမြတ်သမိုင်းနောက်ခံ

လာအိုဘာသာစကားနဲ့ "ထက်လွှမ်" ဆိုတာ "ကြီးမားကျယ်ပြန့်သော စေတီတော်"လို့ အဓိပ္ပာယ်ရပါတယ်။ ဒီစေတီတော်ကြီးရဲ့ သမိုင်းက တကယ့်ကို စိတ်ဝင်စားဖို့ကောင်းလှပါတယ်။ ၁၃ ရာစု အစောပိုင်းမှာ ဘုရင် King Jayavamon VI က စတင်တည်ထားခဲ့တာဖြစ်ပြီး အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်မှာ ပညာသင်ကြားပြီး ပြန်ကြွလာတဲ့ သံဃာတော် ငါးပါး ပင့်ဆောင်လာတဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ညှပ်ရိုးတော်အောက်ပိုင်းကို ဌာပနာထားခဲ့တာပါ။ မူလတုန်းကတော့ လိုဏ်ဂူပုံစံဖြစ်ပါတယ်။

ခရစ်နှစ် ၁၅၆၀ ပြည့်နှစ်မှာ King Setthathirath က မြို့တော်ကို လွှန်ပရာဘန်ကနေ ဗီယင်ကျန်းကို ပြောင်းရွှေ့တဲ့အခါမှာတော့ မူလစေတီတော်ကိုငုံပြီး အခုမြင်တွေ့ရတဲ့ စေတီတော်ကြီးအဖြစ် ထပ်မံတည်ထားခဲ့ပါတယ်။

ဒီစေတီတော်ဟာ လာအိုလူမျိုးတွေအတွက် ဘယ်လောက်အရေးပါသလဲဆိုရင် လာအိုနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်မှာတောင် ထက်လွှမ်စေတီတော်ပုံကို ဂုဏ်ယူစွာ ထည့်သွင်းထားတာကို တွေ့နိုင်ပါတယ်။ နှစ်စဉ် မြန်မာတန်ဆောင်မုန်းလပြည့်နေ့ (လာအိုဘာသာဖြင့် ဖကျိလ၊ လပြည့်နေ့) မှာ ကျင်းပတဲ့ ဘုရားပွဲတော်ဆိုရင် တစ်နိုင်ငံလုံးက ဘုရားဖူးတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားလှပါတယ်။

## ကြည်ညိုဖွယ်ရာမြင်ကွင်းနှင့် နှစ်နိုင်ငံ သာသနာရေးဆက်စပ်မှု

ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိချိန်မှာတော့ ရွှေရောင်ဝင်းပနေတဲ့စေတီတော်မြတ်ကြီးကို ပြာလွင်တဲ့မိုးသားကောင်းကင်နောက်ခံနဲ့အတူ သပ္ပာယ်လှစွာဖူးတွေ့ရပါတယ်။ သမ္မတနဲ့ဇနီးတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနဲ့ ပန်းမန်တွေ ကပ်လှူပူဇော်ပြီး ကြည်ညိုစွာ ဖူးမြော်ခဲ့ကြပါတယ်။ စေတီတော်ကြီးရှေ့မှာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသလို စောင်းတန်းအတွင်းက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေနဲ့ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းမှု ပန်းချီမှတ်တမ်းတွေကိုလည်း တာဝန်ရှိသူတွေရဲ့ ရှင်းလင်းပြသမှုနဲ့အတူ စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြပါတယ်။

ဒီခရီးစဉ်ရဲ့ အဓိပ္ပာယ်အရှိဆုံး သာသနာရေးဆိုင်ရာ ဆက်စပ်မှုကတော့ ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမမှာမြင်တွေ့ခဲ့ရတာပါ။ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လာအိုဗုဒ္ဓဘာသာအသင်းဗဟိုရဲ့ ဥက္ကဋ္ဌ လာအိုနိုင်ငံ သံဃရာဇာ ဆရာတော် Maha Ahjan Yai Mahaved Menenai နဲ့ သက်တော် ၁၀၆ နှစ်ရှိပြီဖြစ်တဲ့ သက်တော်ရှည်ဆရာတော် Most Ven. Noi Sangva-lo တို့ကို သွားရောက် ဖူးမြော်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံဘက်ကနေ ပိဋကသုံးပုံစာအုပ်တွေ၊ လှူဖွယ်ဝတ္ထုပစ္စည်းတွေအပြင် မြန်မာ့အနုပညာလက်ရာစစ်စစ်ဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနဲ့ တည်ဆောက်မှုမှတ်တမ်းစာအုပ်ကို ဆရာတော်ကြီးထံ ရိုသေစွာ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ ဆရာတော်ကြီးကလည်း ဓမ္မလက်ဆောင်တွေ ပြန်လည်ချီးမြှင့်ခဲ့ပါတယ်။

## သံတမန်ရေးထက် ပိုမိုနက်ရှိုင်းသော ချစ်ကြည်ရေး

ဒီခရီးစဉ်ဟာ ပုံမှန်သံတမန်ရေးရာ ဆက်ဆံရေးထက် ပိုမိုနက်ရှိုင်းတဲ့ ထေရဝါဒဗုဒ္ဓဘာသာယဉ်ကျေးမှုချင်း ရိုးရာမပျက်ဆက်နွှယ်နေမှုကို ပေါ်လွင်စေပါတယ်။ လာအိုရဲ့ အထွတ်အမြတ်ထားရာ ထက်လွှမ်းစေတီတော်ကြီးမှာ မြန်မာ့မာရဝိဇယရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်ခွင့်ရရှိခြင်းဟာ နှစ်နိုင်ငံအကြား သာသနာပြုလုပ်ငန်းတွေနဲ့ ရေရှည်ချစ်ကြည်ရေးအတွက် သမိုင်းဝင်မှတ်တိုင်တစ်ခုအဖြစ် ရွှေရောင်ဝင်းပစွာ ကျန်ရစ်နေအုံးမှာဖြစ်ပါတယ်။

## ဗီယင်ကျန်းမြို့က ရက်ကန်းစင်သံများနှင့် သမိုင်းဝင်အောင်ပွဲခံဂိတ်တံခါးဆီသို့

ထက်လွှမ်စေတီတော်ကြီးဆီ သွားရောက်ဖူးမြော်ခဲ့ပြီးပြီဆိုတော့ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရဲ့ ရိုးရာယဉ်ကျေးမှု အနုပညာ အမွေအနှစ်တွေနဲ့ သမိုင်းဝင် အထင်ကရနေရာတွေဆီကို ဆက်လက်ထွက်ခွာခဲ့ကြပါတယ်။

ဗီယင်ကျန်းမြို့ရဲ့ ရာသီဥတုဟာ မိုးရာသီအကူးအပြောင်းမို့ လေထုက လတ်ဆတ်အေးမြနေပါတယ်။ လမ်းဘေးဝဲယာက သစ်ပင်စိမ်းစိမ်းတွေ၊ ပန်းဥယျာဉ်ဧရိယာတွေက မြို့ပြမြင်ကွင်းကို ပိုမိုစိုပြည်စေပါတယ်။ ဒီလိုသာယာတဲ့ နေ့တစ်နေ့ရဲ့ နံနက်ပိုင်းမှာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှတို့ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ လာအိုနိုင်ငံရဲ့ အသေးစား၊ အငယ်စား စက်မှုလုပ်ငန်းတစ်ခုဖြစ်တဲ့ Phonthong Handicrafts Cooperation and Cama Crafts ဆီကို ပထမဆုံးသွားရောက်လေ့လာခဲ့ကြပါတယ်။

## ရိုးရာယဉ်ကျေးမှုချင်း ထိတွေ့ခြင်းနှင့် ရက်ကန်းစင်ကမ္ဘာ

စက်မှုလုပ်ငန်းစုဆီ ရောက်ရှိချိန်မှာတော့ ရိုးရာဝတ်စုံဝတ်ဆင်ထားတဲ့ တာဝန်ရှိသူတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်ကြပါတယ်။ ဒီနေရာဟာ လာအိုနိုင်ငံရဲ့ ရိုးရာလက်မှုပညာကို နိုင်ငံတကာအဆင့်အထိ မြှင့်တင်ပေးနေတဲ့ နေရာတစ်ခုပါ။

လုပ်ငန်းခွင်အတွင်းက စိတ်ဝင်စားဖွယ်လေ့လာမှုများအနေနဲ့ သမ္မတကြီးဟာ လာအိုရိုးရာ သဘာဝအသီးအနှံတွေကနေ ဆပ်ပြာထုတ်လုပ်တဲ့ လုပ်ငန်းစဉ်ကို စိတ်ဝင်တစားကြည့်ရှုခဲ့ပါတယ်။ ဒါတင်မကဘဲ ဆပ်ပြာဆီတွေကို ပုံစံခွက်ထဲ ကိုယ်တိုင်သွန်းလောင်းတဲ့ သရုပ်ပြမှုမှာလည်း ပါဝင်ဆင်နွှဲခဲ့ပြီး အဲဒီကိုယ်တိုင် သွန်းလောင်းခဲ့တဲ့ ရိုးရာဆပ်ပြာကို အမှတ်တရလက်ဆောင်အဖြစ် လက်ခံရရှိခဲ့ပါတယ်။

ကိုယ်စားလှယ်အဖွဲ့ဟာ ပိုးမွေးမြူပုံ၊ ချည်ထုတ်လုပ်ပုံ၊ သဘာဝဆိုးဆေးနဲ့ ချည်ဆေးဆိုးပုံတွေကနေစလို့ ရိုးရာရက်ကန်းစင်တွေနဲ့ ပိုးထည်တွေရက်လုပ်နေတဲ့ မြင်ကွင်းတွေကို လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေရရှိထားတဲ့ မှတ်တမ်းဓာတ်ပုံတွေကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့မြင်ခဲ့ရပါတယ်။

ဒီလက်မှုလုပ်ငန်းဟာ မိမိတို့နိုင်ငံက အမရပူရပိုးထည်လုပ်ငန်းတွေ၊ ချင်းရိုးရာ၊ ကချင်ရိုးရာရက်ကန်းလုပ်ငန်းတွေနဲ့ အင်မတန်ဆင်တူလှပါတယ်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးနေတဲ့ နှစ်နိုင်ငံစလုံးရဲ့ စီးပွားရေးမျှော်မှန်းချက်ချင်း ထပ်တူကျနေတာမို့ နည်းပညာနဲ့ ယဉ်ကျေးမှုဖလှယ်ရေးအတွက် အလွန်ကောင်းမွန်တဲ့ ဆက်စပ်မှုတစ်ခုလို့ ဆိုရမှာပါ။ လေ့လာမှုအပြီးမှာတော့ ဧည့်သည်တော် မှတ်တမ်းစာအုပ်မှာ လက်မှတ်ရေးထိုးပြီး အမှတ်တရ လက်ဆောင်တွေ အပြန်အလှန်ပေးအပ်ခဲ့ကြပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။(၄-၇-၂၀၂၆)

## ပြင်သစ်ဒီဇိုင်းနှင့် လာအိုအနုပညာ

ဆက်လက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဗီယင်ကျန်းမြို့ရဲ့အလယ်ဗဟိုမှာ ခံ့ညားထည်ဝါစွာတည်ရှိနေတဲ့ Patuxai (Victory Gate)ဆီကို ရောက်ရှိလာခဲ့ပါတယ်။ မိုးကုပ်စက်ဝိုင်းနောက်ခံနဲ့ မြို့ပြရဲ့အချက်အချာကျတဲ့ လမ်းမကြီးတွေဆုံစည်းရာမှာတည်ရှိတာမို့ မြင်ကွင်းက တကယ့်ကိုအံ့မခန်းပါပဲ။

ဒီအဆောက်အအုံကြီးမှာ ပြင်သစ်နဲ့ လာအို ယဉ်ကျေးမှုနှစ်ရပ် ပေါင်းစပ်နေတဲ့ စိတ်ဝင်စားစရာ

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

သမိုင်းနောက်ခံရှိနေပါတယ်။ ၁၉၅၇ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ လာအိုနိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ နိုင်ငံတော်အတွက် အသက်ပေးလှူသွားခဲ့ကြတဲ့ ရဲစွမ်းသတ္တိရှိလှတဲ့ စစ်သည်တော်တွေကို ဂုဏ်ပြုဖော်ညွှန်းဖို့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။


အဆောက်အအုံရဲ့ အပြင်ပန်းပုံသဏ္ဍာန်ကို ပြင်သစ်နိုင်ငံက နာမည်ကျော် Arc de Triomphe အောင်ပွဲခံဂိတ်တံခါးပုံစံယူထားတာဖြစ်ပေမယ့် အတွင်းပိုင်းနံရံတွေနဲ့ မျက်နှာကြက်တွေကိုတော့ လာအိုရိုးရာ ဗုဒ္ဓဘာသာနဲ့ ဟိန္ဒူအနုပညာလက်ရာများဖြစ်တဲ့ နတ်သမီးပုံတွေ၊ ကင်းနရီပုံတွေနဲ့ ပန်းနွယ်အလှဆင်ပန်းပုလက်ရာတွေကို အနုစိတ်မွမ်းမံခြယ်သထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း ဒီနေရာဟာ အပေါ်ဆုံး ရှုခင်းကြည့်စင်ကနေ ဗီယင်ကျန်းမြို့ တစ်မြို့လုံးကို မြင်ကွင်းကျယ် (Panoramic View)အဖြစ် စီးမိုးကြည့်ရှုနိုင်ပြီး ပြည်တွင်းပြည်ပ ဧည့်သည်တွေ မဖြစ်မနေလာရောက်လည်ပတ်ကြတဲ့ အထင်ကရနေရာတစ်ခု ဖြစ်နေရတာပါ။ သမ္မတကြီးနဲ့ဇနီး အပါအဝင် အဖွဲ့ဝင်အားလုံးဟာ ဒီအဆောက်အအုံကြီးရဲ့ရှေ့မှာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးပြီး ခရီးစဉ်ကိုမှတ်တမ်းတင်ခဲ့ကြပါတယ်။

တကယ်တော့ မြန်မာနဲ့ လာအိုဆိုတာ မဲခေါင်မြစ်ရေကို အတူသောက်ပြီး နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိမ်နီးချင်းကောင်း ပခုံးချင်းမှီညီအစ်ကိုတွေဖြစ်ကြပါတယ်။ ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းမှာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်က လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါတယ်။

ဒီတွေ့ဆုံပွဲဟာ သာမန်အစည်းအဝေး တစ်ခုထက်ပိုပြီး နွေးထွေးပျူငှာတဲ့ အိမ်နီးချင်းကောင်းပီသမှုကို အပြည့်အဝဖော်ဆောင်နေပါတယ်။ တွေ့ဆုံပွဲကို နိုင်ငံတော်သမ္မတနဲ့အတူ ခရီးစဉ်မှာ လိုက်ပါလာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေ တက်ရောက်ခဲ့ကြလို့ တကယ့်ကိုအနှစ်သာရရှိတဲ့ လုပ်စုံတက်စုံ ဆောင်ရွက်မှုတွေ လက်ရှိမှာ တိုးတက်ကောင်းမွန်နေတဲ့အခြေအနေနဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးကို ဆက်လက်မြှင့်တင်သွားမယ့် အခြေအနေတွေပဲ ဖြစ်ပါတယ်။

အပြင်မှာ မိုးဖွဲလေးတွေ ရွာချနေလို့ အေးမြနေတဲ့ ရာသီဥတုရှိပေမယ့် ဒီကနေ့ တွေ့ဆုံပွဲခန်းမထဲက မြင်ကွင်းကတော့ နှစ်နိုင်ငံအကြားက နွေးထွေးတဲ့ သံယောဇဉ်၊ ခိုင်မာတဲ့ ချစ်ကြည်ရေးနဲ့ မြင်ကွင်းတစ်ခု ဖြစ်ခဲ့ရပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (၄-၇-၂၀၂၆)

## အတိတ်၊ ပစ္စုပ္ပန်နှင့် နှစ်နိုင်ငံ သမိုင်းကြောင်းဆက်စပ်မှု

ဒီနေရာမှာ လာအိုနဲ့ မြန်မာရဲ့နောက်ခံသမိုင်းကို နည်းနည်းလောက် လှည့်ကြည့်ရအောင်ပါ။ နှစ်နိုင်ငံစလုံးဟာ ကိုလိုနီလက်အောက်က ရုန်းထွက်ခဲ့ရတဲ့ သမိုင်းတူညီချက်တွေရှိပြီး ၁၉၅၅ ခုနှစ်မှာ သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြတာမို့ အခုဆိုရင် နှစ်ပေါင်း ၇၀ မျှ သက်တမ်းရှိခဲ့ပြီဖြစ်ပါတယ်။ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကလည်း ထပ်တူနီးပါး တူညီကြတာမို့ သွေးသားရင်းချာအိမ်နီးချင်းလို့ တင်စားရင်တောင်မမှားပါဘူး။

အစိုးရချင်းဆက်ဆံရေးက မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်ကို ရောက်ရှိနေပြီဆိုပေမယ့် ပြည်သူချင်းနီးစပ်ဖို့က ချစ်ကြည်ရေးအသင်းတွေရဲ့ အခန်းကဏ္ဍကလည်း အဓိကကျလှပါတယ်။ ဆွေးနွေးပွဲအတွင်းမှာ အဓိကထားပြောကြားသွားခဲ့တာကတော့ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်း အနာဂတ် ပူးပေါင်းဆောင်ရွက်မှု အရှုဏ်ဦးသစ်ကို ဖော်ညွှန်းပြသနေသယောင်ရှိနေပါတယ်။

## မဲခေါင်မြစ်ဝှမ်းက မြန်မာ့ရိပ်မြုံ

ညနေခင်း အချိန်အခါသမယမှာတော့ လာအိုနိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှတို့ဟာ အဖွဲ့ဝင်တွေနဲ့အတူ ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးဆီကို ရောက်ရှိလာခဲ့ကြပါတယ်။

သံရုံးဝင်းအတွင်းကို ဝင်လိုက်တာနဲ့ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအပါအဝင် သံရုံး၊ စစ်သံရုံး မိသားစုတွေ၊ ပညာတော်သင် သင်တန်းသားတွေက လှိုက်လှိုက်လှဲလှဲ ဆီးကြိုနှုတ်ဆက်ကြပြီး တစ်ဦးချင်းစီမိတ်ဆက်ပေးခဲ့ကြတဲ့မြင်ကွင်းက တကယ့်ကို ရိုးရာအစဉ်အလာကြီးမားတဲ့ မြန်မာ့မိသားစု စုစည်းမှုတစ်ခုလို ပီပြင်လှပါတယ်။

## ပြုပြင်ပြောင်းလဲမှုများကို နားလည်လက်ခံ

ဒီတွေ့ဆုံပွဲမှာ နိုင်ငံတော်သမ္မတက **“မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံနိုင်ငံများထဲတွင် ပထမဆုံးလာရောက်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေးတွင် အခက်အခဲပြဿနာ အနည်းဆုံးဖြင့် ဆက်ဆံဆောင်ရွက်နိုင်သည့် နိုင်ငံများဖြစ်ကြကြောင်း”** ထူးခြားတဲ့သမိုင်းမှတ်တိုင်တစ်ခုကို ထည့်သွင်းပြောကြားသွားခဲ့ပါတယ်။

အာဆီယံအဖွဲ့ဝင် နိုင်ငံတွေထဲမှာ လာအိုနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို နားလည်လက်ခံတဲ့အတွက်ကြောင့် အခုလို နိုင်ငံတော်အဆင့်ခရီးစဉ်ကို ဖိတ်ကြားခဲ့တာဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့လည်း အာဆီယံအဖွဲ့တွင်း သဘောတူညီချက်တွေကို တတ်နိုင်သမျှ လိုက်နာအကောင်အထည်ဖော်နေတယ်ဆိုတာကိုရှင်းလင်းပြောကြားခဲ့ပါတယ်။

## ရှေ့ဆက်ရမည့်ခြေလှမ်း

ဆက်လက်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းရာမှာ ကြုံတွေ့ခဲ့ရတဲ့ ၂၀၂၀ ပြည့်နှစ် မဲမသမာမှုဖြစ်စဉ်တွေ၊ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ယူခဲ့ရမှုတွေကို နိုင်ငံတော်သမ္မတကြီးက အကျဉ်းချုပ်ရှင်းလင်းပြောကြားပါတယ်။

အခုအခါမှာတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပြီး ပြည်သူတွေ ရွေးချယ်လိုက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေနဲ့ အရွေးချယ်ခံ အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်တွေကို လွှဲပြောင်းထမ်းဆောင်နေပြီဖြစ်ပါတယ်။ အချို့နိုင်ငံတွေက သူတို့ရဲ့ အကျိုးစီးပွားအတွက် ဒါကိုလက်မခံလိုကြပေမဲ့ အစိုးရအနေနဲ့ အခက်အခဲတွေကြားက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်လို့ နိုင်ငံတော်သမ္မတကြီးက ဆက်လက်မိန့်ဆိုပါတယ်။

## မကောင်းမြစ်ထာ ကောင်းရာညွှန်လတ်

ဆက်လက်ပြီး သံရုံးနဲ့ စစ်သံရုံး ဝန်ထမ်းတွေကို နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင်၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံအဖြစ် အဆင့်မြှင့်တင်နိုင်အောင် ကြိုးပမ်းကြဖို့ မှာကြားခဲ့သလို လာအိုရောက် မြန်မာနိုင်ငံသားတွေကိုလည်း စောင့်ရှောက်ပေးကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အထူးသဖြင့် ပြည်ပရောက်ဝန်ထမ်းမိသားစုတွေအနေနဲ့ အားလပ်ချိန်မှာ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာနည်းပညာတွေကိုလေ့လာပြီး တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူတွေဖြစ်အောင် ပြင်ဆင်ကြဖို့ တိုက်တွန်းခဲ့တာက စိတ်ဝင်စားစရာပါ။

အလားတူ လာအိုနိုင်ငံမှာ ပညာသင်ကြားနေတဲ့ ပညာတော်သင် အရာရှိတွေကိုလည်း မြန်မာဘာသာစကားမှာရှိတဲ့ ဗျည်းနဲ့သရ အားသာချက်တွေကို အသုံးချပြီး လာအိုဘာသာစကားကို နားလည်တတ်ကျွမ်းအောင် သင်ယူဖို့နဲ့ ဘာသာစကား တတ်မြောက်ခြင်းဟာ မိမိဘဝအတွက် အကျိုးရှိစေမှာဖြစ်ကြောင်း မကောင်းမြစ်ထာ ကောင်းရာညွှန်လတ်ဆိုတဲ့အတိုင်း မေတ္တာရှေးရှုပြီး အားပေးစကားဆိုခဲ့ပါတယ်။ စားသောက်ဖွယ်ရာတွေနဲ့ ဂုဏ်ပြုချီးမြှင့်ငွေတွေလည်း ပေးအပ်ခဲ့ပါသေးတယ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအို အသေးစား၊ အငယ်စားစက်မှု လုပ်ငန်းတွင် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု လေ့လာစဉ်။ (၄-၇-၂၀၂၆)

အပြင်မှာ မိုးဖွဲလေးတွေကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးမြနေပေမယ့် ဗီယင်ကျန်းမြို့က မြန်မာသံရုံးအတွင်းမှာတော့ အမိနိုင်ငံရဲ့ အကြီးအကဲနဲ့ ပြည်ပရောက် သံတမန်မိသားစုတွေကြားက နွေးထွေးတဲ့ သံယောဇဉ်တွေ၊ နိုင်ငံအတွက် ရှေ့ဆက်မယ့်မျှော်လင့်ချက်တွေနဲ့ ပြည့်နှက်လို့နေပါတော့တယ်။

တကယ်တော့ ဒီခရီးစဉ်ဟာ သာမန်သံတမန်ရေးရာ ခရီးစဉ်တစ်ခုတင်မကဘဲ မြန်မာနဲ့ လာအို နှစ်နိုင်ငံကြားက တူညီတဲ့ ထေရဝါဒဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံတွေကို ပိုပြီးခိုင်မာအောင် ပြန်လည်ဆန်းသစ်လိုက်တဲ့ ခရီးစဉ်တစ်ခုလဲဖြစ်ပါတယ်။ ရွှေရောင်ဝင်းပတဲ့ ထက်လွှမ်းစေတီတော်ကြီးဆီက သာသနာရေးဆက်စပ်မှုတွေ၊ Phon-thong Handicrafts Cooperation and Cama Crafts ထဲက တူညီတဲ့စီးပွားရေးမျှော်မှန်းချက်တွေနဲ့ ဗီယင်ကျန်းမြို့လယ်က Patuxai (Victory Gate)တည်ရှိရာဆီက သမိုင်းကြောင်းတွေဟာ နှစ်နိုင်ငံပြည်သူတွေရဲ့ နှလုံးသားချင်းကို ပိုပြီးနီးစပ်သွားစေခဲ့ပါတယ်။ မိုးဖွဲလေးတွေကြားထဲမှာ အေးမြနေတဲ့ ဗီယင်ကျန်းမြို့ရဲ့ ရာသီဥတုလိုပဲ ဒီခရီးစဉ်ကနေ သယ်ဆောင်လာတဲ့ နှစ်နိုင်ငံအကြားက နွေးထွေးတဲ့ ချစ်ကြည်ရေး သံယောဇဉ်တွေဟာလည်း နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမယ်ဆိုတဲ့ အကြောင်း မဲခေါင်မြစ်ဝှမ်းမှ သတင်းစကားပါးလိုက်ရပါတယ်။

**ရဲခေါင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ Patuxai(Victory Gate)၌ လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (၄-၇-၂၀၂၆)

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေးခေါင်းဆောင်ဟောင်း (Supreme Leader) အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ





**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း နှင့်အဖွဲ့သည် အီရန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေးခေါင်းဆောင်ဟောင်း (Supreme Leader) အယာတိုလာ ဆေယဒ်အလီခါမေနီ၏ နိုင်ငံတော်ဈာပန အခမ်းအနားသို့တက်ရောက်ရန် ဇူလိုင် ၁ ရက်မှ ၅ ရက်ထိ အီရန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တီဟီရန်မြို့ရှိ Imam Khomeini အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Moosavi နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဌာနမှ ဌာနအကြီးအကဲ Mr. Azimi တို့က ကြိုဆိုကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က အီရန်နိုင်ငံ၏ လတ်တလောအခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ လက်တွေ့ကျပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍစုံတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေး တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၃ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တီဟီရန်မြို့ရှိ Imam Khomeini Mosalla ဗလီ၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ကွယ်လွန်သူ ဘာသာရေး ခေါင်းဆောင်ဟောင်း အယာတိုလာ ဆေယဒ်အလီခါမေနီ၏ ဈာပနအခမ်းအနားသို့တက်ရောက်စဉ် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ Mohammad Reza Aref၊ သမ္မတဦးစီးရုံး အကြီးအကဲနှင့် ပြည်ထဲရေးဝန်ကြီးတို့က ခရီးဦး ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ကွယ်လွန်သူ ဘာသာရေးခေါင်းဆောင်ဟောင်း အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ ရုပ်ကလာပ်ကို နိုင်ငံတော်ဂုဏ်ပြုတီးဝိုင်းနှင့် ဂါရဝပြုပြီး အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ Dr. Masoud Pezeshkian နှင့်အတူ အီရန်လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့ကို တွေ့ဆုံနှုတ်ဆက်ကာ အီရန်ဘာသာရေး ခေါင်းဆောင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့်စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့သည်။

အဆိုပါ နိုင်ငံတော်ဈာပနအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်မှ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။
၆။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့် ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ဖူရှန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေ



**ပေကျင်း ဇူလိုင် ၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ဖူရှန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

လျောင်နင်းပြည်နယ် ဖူရှန်မြို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် လူသုံးဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့ပြီး ထုတ်ပြန်ချက်အရ ယနေ့နံနက် ၁ နာရီမှ ၇ နာရီအတွင်း ဖူရှန်မြို့ပြဧရိယာ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ မိုးရွာသွန်း စဉ် မိုးရေချိန် ၃၂၉ ဒသမ ၂ မီလီမီတာထိ စံချိန်တင်ရွာသွန်းခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်းလမ်းများ ရေနစ်မြုပ်ခြင်း၊ မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ဒေသခံများ၏ သွားလာရေး လုပ်ငန်းများ ထိခိုက်စေခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက ရေဘေးအန္တရာယ်ရှိနိုင်သည့် နေရာများမှ ပြည်သူ ၃၅၉၆ ဦးကို ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ပြီး ကယ်ဆယ်ရေး အဖွဲ့များကိုလည်း အရေးပေါ် စေလွှတ်ထားကြောင်း သိရသည်။

လက်ရှိတွင် အာဏာပိုင်များက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်လာစေရေးတို့ကို အရှိန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထိခိုက်ပျက်စီးမှု အခြေအနေများကို ဆက်လက် စစ်ဆေးလျက်ရှိကြောင်း၊ ထို့ပြင် ရေဘေးဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် လိုအပ်သော အကူအညီများကိုလည်း ဆက်လက်ပံ့ပိုးပေးလျက်ရှိပြီး ဒေသအတွင်း လူမှုဘဝနှင့် ပုံမှန်လုပ်ငန်း လည်ပတ်မှုများကို အမြန်ဆုံးပြန်လည် ထူထောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ပေါ်တူဂီနိုင်ငံ ဗိုဇီလာဒေသတွင် တောမီး လောင်ကျွမ်းမှု အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၁၀၀ ကျော် စေလွှတ်ထား

**လစ္စဘွန်း ဇူလိုင် ၅**

ပေါ်တူဂီနိုင်ငံ ဗိုဇီလာဒေသတွင် အပူလှိုင်း ဖြတ်သန်းမှုကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် ပေါ်တူဂီမီးသတ်တပ်ဖွဲ့က မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၁၀၀ ကျော်ကို စေလွှတ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့်အတွက်ကြောင့် မီးသတ်တပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ကာ စေလွှတ်ပေးထားခြင်းဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ထားသကဲ့သို့ မီးသတ်ယာဉ်နှင့် တောမီးငြိမ်းသတ်ရေး အထောက်အကူပြု ယာဉ်အမျိုးအစားစုံ အစီးရေ ၅၀၀ ကို အသုံးပြုထားကြောင်း၊ လေကြောင်း အကူအညီလည်း ရယူထားပြီး လေယာဉ်အစီးရေ ၂၅ စီးထိ အသုံးပြုနေကြောင်း သိရသည်။

"ဗိုဇီလာဒေသမှာ တောမီး လောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပြီးတော့ လူနေအိမ်ခြေတွေဆီကို ကူးစက်သွားနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ အတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၁၀၀ ကျော်ကို စေလွှတ်ပေးထားပါတယ်။ မီးငြိမ်းသတ်မှုနဲ့ ဆက်စပ်တဲ့ ယာဉ်အစီးရေ ၅၀၀ ကျော်ထိ အသုံးပြုထားပြီးတော့ လေယာဉ် အစီးရေ ၂၅ စီးထိ အသုံးပြုထားပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ပါလိမ့်မယ်"ဟု ပေါ်တူဂီမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကနေဒါနိုင်ငံ ဆက်ကာချီဝမ်ပြည်နယ်တွင် အားကောင်းသည့် လေဆင်နှာမောင်း နှစ်ကြိမ်ဆက်တိုက် တိုက်ခတ်ခဲ့ပြီး လူနေအိမ်များပျက်စီး

**အော့တဝါ ဇူလိုင် ၅**

ကနေဒါနိုင်ငံ ဆက်ကာချီဝမ် ပြည်နယ်တွင် ဇူလိုင် ၄ ရက်က အားကောင်းသည့် လေဆင်နှာမောင်း နှစ်ကြိမ်ဆက်တိုက် တိုက်ခတ်ခဲ့ပြီး လေဆင်နှာမောင်း ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် ကိုင်းဒါးလေဒေသကို ဗဟိုပြု၍ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ကိုင်းဒါးလေဒေသတွင် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့ကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီးနောက် ဆက်ကာချီဝမ် ပြည်နယ်အတွင်း မိုးသက်လေပြင်း ကျရောက်မှုများကြောင့် နောက်ဆက်တွဲ ရေကြီးရေလျှံမှုပင် ဖြစ်ပေါ်လာနိုင်ကြောင်း ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ဆက်ကာချီဝမ်ပြည်နယ် တောင်ပိုင်းကို အားကောင်းတဲ့



လေဆင်နှာမောင်းဖြတ်သန်းတိုက် ခတ်သွားခဲ့ပါတယ်။ လေဆင်နှာမောင်းဟာ နှစ်ကြိမ်ဆက်တိုက် တိုက်ခတ်သွားခဲ့တာ ဖြစ်ပါတယ်။ တစ်ကြိမ်နဲ့တစ်ကြိမ် ပုံစံမတူသလို ပြင်းအားလည်းမတူပါဘူး။ လေဆင်နှာမောင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် ပျက်စီးမှုတွေတော့ရှိခဲ့ပါတယ်။ လေဆင်နှာမောင်းပြီးတော့ မိုးသက်လေပြင်း ကျရောက်ခဲ့ပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လဲ လိုအပ်ပါတယ်"ဟု ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှ တာဝန်ရှိသူ ဗရိုလစ်ခ်က ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဗင်နီဇွဲလားနိုင်ငံတွင် အမြွှာငလျင်ကြောင့် သေဆုံးသူ ၂၉၅၄ ဦးထိ မြင့်တက်လာပြီး ၁၆၅၉၂ ဦး ထိခိုက်ဒဏ်ရာရရှိ

**ကာရာကက်စ် ဇူလိုင် ၅**

ဗင်နီဇွဲလားနိုင်ငံတွင် အမြွှာငလျင်ကြောင့် သေဆုံးသူ ၂၉၅၄ ဦးထိ မြင့်တက်လာပြီး ၁၆၅၉၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဗင်နီဇွဲလားအစိုးရ အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်သွားခဲ့သည်။

အစိုးရ၏ ထုတ်ပြန်ချက်အရ အလယ်ပိုင်းရှိ အာရာဂွါ၊ မီရန်ဒါ၊ လာဂွါအီရာ၊ အနောက်ပိုင်းရှိ ကာရာဘိုဘို၊ ယာရာကျူးနှင့် ဖယ်ကွန်ပြည်နယ်တို့တွင် ငလျင်ဒဏ်ကို အပြင်းအထန်ခံခဲ့ရကြောင်း၊ အမြွှာငလျင်ကြောင့် လူပေါင်း ၁၆၂၀၉ ဦး အိုးအိမ်မဲ့ဖြစ်နေပြီး အဆောက်အအုံ ၈၅၆ လုံး ပျက်စီးကာ အလုံးရေ ၁၉၀ လုံးဝပြိုကျခဲ့ရကြောင်း သိရသည်။

အစိုးရအာဏာပိုင်များက ငလျင်ဒဏ်ကြောင့် ထိခိုက်နစ်နာသူများကို ကူညီပေးနိုင်ရန် ယာယီခိုလှုံရေးစခန်း ၈၀ ကို ဖွင့်လှစ်ထားပြီး ကယ်ဆယ်ရေးအဖွဲ့များက လူပေါင်း ၆၄၆၂ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ပြည်ပမှ ကယ်ဆယ်ရေးဝန်ထမ်း ၃၂၈၁ ဦး အပါအဝင် ကယ်ဆယ်ရေးသမား ၂၉၅၆၇ ဦးကို ငလျင်ဘေးသင့် ဒေသများတွင် ဖြန့်ကြက်ထားပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ ဇွန် ၂၄ ရက်က အမြွှာငလျင် စတင်လှုပ်ခတ်ခဲ့ပြီးနောက် ယနေ့ထိ နောက်ဆက်တွဲငလျင် ၉၄၂ ကြိမ်ထိ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# ပြင်သစ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူဦးရေ ၃၇၀၀ ကျော်ရှိခဲ့

**ဂျီနီဗာ ဇူလိုင် ၅**

ဥရောပနိုင်ငံများတွင် ပြီးခဲ့သော ဇွန်လက အပူလှိုင်းဖြတ်သန်းခဲ့ပြီး အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတည်ပြုထုတ်ပြန်ချက်အရ ပြင်သစ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေ ၃၇၀၀ ကျော်ထိ ရှိခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေဆဲဖြစ်ပြီး အထူးသဖြင့် ပြင်သစ်နိုင်ငံတွင် အပူချိန်မှာ ၃၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေဆဲဖြစ်ကြောင်း၊ သေဆုံးသူ ၃၇၀၀ ကျော်အနက် ၂၀၂၅ ဦးမှာ ပြင်သစ်နိုင်ငံမှ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

"ပြီးခဲ့တဲ့ ဇွန်လပထမပတ်က နေစတင်ပြီးတော့ အပူလှိုင်းတွေ ဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အပူချိန် အမြင့်ဆုံးကတော့ ပြင်သစ်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနဲ့ နယ်သာလန်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေး လုံခြုံရေးကျိုးပေါက်ခဲ့ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ဥရောပနိုင်ငံ သုံးနိုင်ငံမှာ သေဆုံးသူ ၃၇၀၀ ကျော်ရှိခဲ့ပါတယ်။ သေဆုံးမှု အမြင့်မားဆုံး နိုင်ငံကတော့ ပြင်သစ်နိုင်ငံပဲဖြစ်ပါတယ်။ ပြင်သစ်အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းကို ကျန်းမာရေးစောင့်ရှောက်မှုတွေ အချိန်နဲ့တစ်ပြေးညီဆောင်ရွက်နိုင်ဖို့လဲ တိုက်တွန်းထားပါတယ်"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြား သွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

ဝတ္ထုတိုကလျာ

# ကြောက်စရာ ဝင့်ကြွေး

## ကျွန်းစဉ်မြေစောခက်



(၁)

စာသင်ရွယ်နှ အခြေပြုဘဝတွင် ကျောင်းမနေခဲ့ရလျှင် စာမတတ်၊ စာမတတ်၍ အသိဉာဏ်မဲ့သည်။ အသိဉာဏ် မရှိ၍ စိတ်ထင်ရာ လျှောက်လုပ်သည်။ အသိ မရှိသူတစ်ယောက်၏လုပ်ရပ်သည် လူအများကို ဒုက္ခပေးရုံတင်မက ပတ်ဝန်းကျင်ကိုပါ အရုပ်ဆိုးစေပြီး သံသရာတွင် ငါးပါးမှောက်ကုန်တော့သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၃ ခုနှစ်အရောက်တွင် အစိုးရစာသင်ကျောင်းများကို မြို့ပြများတွင်သာမက ကျေးလက်များတွင်ပါ ဖွင့်လှစ်လာကြသည်။

ဤတွင် သူကြီးမင်း ဦးဘတူသည် သူ့သား အောင်ကျားကို ခေတ်ပညာတတ် ဖြစ်စေချင်သောကြောင့် စာသင်ကျောင်းမှာထားသည်။ သူကြီးမင်း၏ အဓိကရည်ရွယ်ချက်မှာ သူ့သားကို မြို့ပြက ကလေးများကဲ့သို့ အတန်းစာအောင်ပြီး စာရေးစာချီကျောင်းဆရာဆိုတာမျိုးဖြစ်စေချင်သည်။ အောင်ကျားကလည်း သူ့အဖေ သူကြီး၏ဆန္ဒအတိုင်း စာသင်ကျောင်းမှာ ကျောင်းတက်သည်။ သို့သော် ဆရာက စာရေးခိုင်းလျှင် ရှောင်သည်။ စာဖတ်ခိုင်းလျှင် ဖယ်သည်။ ရှောင်ဖယ် ရှောင်ဖယ်နှင့် ကြာလာတော့ ကျောင်းစာများကိုဖတ်မရ၊ သင်္ချာများကိုတွက်မရဖြစ်လာသည်။ ဆရာမက ခေါ်ယူစာစစ်တော့လည်း မရွတ်ပြနိုင်၊ မဖတ်ပြနိုင်ဖြစ်လာသည်။ စာမရ၍ ဆရာက ရိုက်လျှင်ကျောင်းပြေးသည်။ လေးခွတစ်လက်နှင့် ရွာစွန်ရွာဖျားသွားပြီး ငှက်ပစ်သည်။ အောင်ကျား၏ ထူးချွန်မှုတစ်ခုမှာ ငှက်ပစ်လျှင် လွဲသည်ဟူ၍ မရှိ။ ရွာပြင် တောတန်းလယ်ကွင်းစပ်များတွင် ငှက်ပစ်ပြီးလို့ အိမ်ပြန်လာလျှင် ငှက်မျိုးစုံတစ်ပွေ့တစ်ပိုက်ပါလာတတ်သည်။ သည်လိုနှင့် ကျောင်းသားဘဝကနေ ငှက်ခတ်သမားဘဝရောက်ခဲ့ရတော့သည်။ အဖေ သူကြီးမင်းကလည်း သားလက်ချက်ကြောင့် ငှက်သား၊ ငှက်ကင်၊ ငှက်ကြော်စားနေရလျှင် ကျေနပ်သလိုဖြစ်လာခြင်းမှာ သားကို လမ်းလွဲသို့ တွန်းပို့လိုက်ခြင်းပင်ဖြစ်သည်ဆိုခြင်းကို သူကြီးမင်း သတိမထားမိခြင်းပင်ဖြစ်သည်။

"သူကြီးမင်းရဲ့သား အောင်ကျားကို ဒီအတိုင်းလွှတ်ထားရင်တော့ အရပ်ထဲမှာ ယောင်ချာချာနဲ့ စာမတတ်ပေမတတ် ဟိုမကျ ဒီမကျနဲ့ ဘဝဆုံးသွားလိမ့်မယ်"

သူကြီးမင်း ဦးဘတူကတော့ ရွာကျောင်းဆရာ ဦးမြတ်သာ စကားကို ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေမိသည်။

"ဟုတ်တယ် ကျောင်းဆရာ ကျွန်တော့်သား အောင်ကျားအတွက် ကျုပ် ဘယ်လိုလုပ်ရမယ် ဆိုတာလဲ ပြောပါအုံးလေ"

"ဟုတ်ကဲ့ သူကြီးမင်း ကျွန်တော်ပြောပြပါ့မယ်။ သူကြီးမင်းရဲ့သား အောင်ကျားက ကျွန်တော့်ကိုလဲ လေးလေးစားစားမရှိဘူး။ အဖေက ရွာသူကြီးဆိုတော့ ကျွန်တော့်ကိုလဲ အားနာပုံမရဘူး။ အခြားကလေးတွေကိုလဲ နိုင်ထက်စီးနင်းလုပ်တယ်။ ဒါကြောင့် ရွာကျောင်းဆရာတော်ကြီးဆီမှာ အပ်ထားရင်တော့ ပိုအဆင်ပြေမယ် ထင်ပါတယ်"

သူကြီးမင်း ဦးဘတူ ကျောင်းဆရာ ဦးမြတ်သာကို တစ်ချက်စိုက်ကြည့်လိုက်သည်။

"ဟုတ်တယ်ဗျ ရွာဆရာတော်ကြီးနဲ့ဆိုတော့ ဒီကောင်ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဆရာတော်ကြီး စကားကို ပယ်ဝံ့မှာ မဟုတ်ဘူး"

"ဟုတ်ပါပြီလေ ကျောင်းဆရာ စကားအတိုင်း ကျုပ်သားကို ဆရာတော်ဆီ သွားအပ်လိုက်ပါ့မယ်ဗျာ"

သူကြီးမင်း ဦးဘတူနှင့် ရွာကျောင်းဆရာ ဦးမြတ်သာတို့ စကားစမြည်ပြောနေကြတုန်းမှာပဲ အောင်ကျားသည် လေးခွဖြင့် ပစ်ယူလာသည့်ငှက်ခြေထောက်တွေကိုပူးတွဲကိုင်ပြီး အဖေ သူကြီးမင်းဆီသို့ မျက်နှာလုပ်ဖို့ခြံဝင်းထဲ ပြေးဝင်လာခဲ့သည်။ သည်တွင် အိမ်ရှေ့အဖီလေးတွင်ထိုင်ရင်း အဖေ သူကြီးမင်းနှင့်ရွာဆရာတို့ စကားပြောနေကြသည်ကို မြင်သဖြင့် ခြံဝင်းအနောက်ဘက်သို့ ခပ်သွက်သွက် ပြေးဝင်သွားခဲ့လေသည်။

"ဆရာကြီး ကျွန်တော့်အဖေကြီးကို ကျွန်တော် မကောင်းတာတွေ သွားပြောတာ မဟုတ်လား"

ဆရာကြီး ဦးမြတ်သာ သူကြီးနှင့် စကားစမြည်ပြောပြီး ပြန်အထွက်မှာ သူကြီးမင်းအိမ်ရှေ့ သရက်ပင်ကြီးအကွယ်က သူကြီးသား အောင်ကျားဖြုန်းခနဲထွက်ပြောလိုက်ရာ ကျောင်းဆရာ ဦးမြတ်သာ ရင်ထဲထိတ်ခနဲဖြစ်သွားသည်။ ဆရာကို ဆရာမှန်းမသိ၊ အားနာရကောင်းမှန်းမသိသူ အမိုက်ကောင်နှင့် ဆက်ပြောနေလျှင် ပြဿနာကြီးထွားရုံသာရှိမည်ဟု သဘောပေါက်ပြီး ဆရာကြီးဦးမြတ်သာ တပည့်မိုက် အောင်ကျားကို တစ်ချက်ကြည့်ပြီး ရွာလယ်လမ်းဘက်သို့ ထွက်သွားခဲ့လေတော့သည်။

(၂)

အောင်ကျား ရွာဦးဆရာတော်ကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသားအဖြစ် တက်ရောက်ပြီး စာသင်နေခဲ့သည်မှာ သုံးနှစ် တင်းတင်းရှိနေခဲ့လေပြီ။ အဖေ သူကြီးကို ကြောက်လွန်း၍သာ ကျောင်းတက်နေရသည်။ စာအုပ်စာပေအပေါ်မှာကား အာရုံမရှိ။ မဖြစ်သာ၊ မတတ်သာ၊ မငြင်းသာ၍သာ လုပ်နေရသည့် သဘောရှိသည်။ ဆရာတော်ကြီးလစ်လျှင်လစ်သလို ရွာပြင်ထွက် ရွာတောင်ပေါ်တက်သည်။ ငှက်ပစ်သည်။ တောထဲတောင်ထဲက အသီးအနှံများ ခူးသည်။ ရလာလျှင် အိမ်သို့ မသွားရဲဘဲ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းသားကြီးများနှင့် ချက်စားကြသည်။ ဖုတ်စားကြသည်။ ကင်စားကြသည်။ ဤသို့ အကျင့်စာရိတ္တပျက်ပြီး ပေါက်လွှတ်ပဲစားလုပ်နေမှုကို တစ်နေ့တွင်ဆရာတော်ကြီးသိသွားသည်။ သို့ဖြစ်၍ ဆရာတော်ကြီးက အောင်ကျားကို ကျောင်းခန်းအလယ်ရှိ ဘောတတ်တိုင်ကြီးကို မြဲမြဲဖက်ခိုင်းထားပြီး ကျောပြင်ကို ကြိမ်ဖြင့် ရိုက်တော့သည်။ ဘုန်းကြီးကျောင်းသားအောင်ကျား ကျောကော့အောင် ခံရတော့သည်။ အောင်ကျား၏ကျောပြင်မှာတော့ ကြိမ်ရာတွေ အစင်းလိုက်ပေါ်နေပေတော့သည်။ သူကြီးမှာ တစ်ဦးတည်းသောသားမို့ အချစ်ကြီးချစ်ရှာလေတော့ သားအောင်ကျား၏ကျောပြင်က ဒဏ်ရာတွေကြည့်ပြီး ကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်းများက ခံစားမှုနှလုံးအိမ်ကိုလာထိလေတော့ သားတော်မောင်ကို အပြီးအပိုင်ကျောင်းထုတ်ပစ်လိုက်လေတော့သည်။ သည်တော့ လွတ်လပ်မှုကို အလွန်တပ်မက်နေသောလူပျိုပေါက်အရွယ် သူကြီးသား အောင်ကျားမှာ ခမည်းတော် ငွေခားလွယ်ရ သူကြီးမင်းမျက်နှာနှင့် သူတို့ရွာမှာ နေတစ်ဆူ၊ လတစ်ဆူဖြစ်နေပေတော့သည်။ ဘယ်သူ့ကြက်ပဲဖြစ်ဖြစ်တွေ့လျှင် လေးခွဖြင့် ပစ်ယူသည်။ ဘယ်သူ့ဟင်းခင်းပဲဖြစ်ဖြစ် ခူးချင်လျှင် ဝင်ခူးစားသည်။

လူပျိုပေါက်အရွယ်ဖြစ်လာရုံမက လွတ်လပ်မှုက သူ့စိတ်အရိုင်းကို မှိုင်းတိုက်ပေးသလို ဖြစ်နေပေရာ အပေါင်းအသင်းတွေများလာပြီး ခားမြှောင် ခါးကြားထိုးကာ အရက်သေစာသောက်စားမူးယစ်ရမ်းကားသည်ထိ အတင့်ရဲလာခဲ့သည်။ ရွာမှာ အရက်မူးလို့ ရန်ပွဲဖြစ်ပြီလားဆို သွားကြည့် သူကြီးသား အောင်ကျားမပါသည့်ပွဲဟူ၍ မရှိ။ အဖေသူကြီးကလည်း သူ့သားဘာပဲလုပ်လုပ် အပြစ်ပေးသည်ဟူ၍ မရှိ၊ သူ့သားနှင့် ပတ်သက်သူများကိုသာ အပြစ်ကြီး၊ အပြစ်ငယ်ပြစ်ဒဏ်ပေးလေ့ရှိသည်။ အောင်ကျားမှာ သူကြီးသားပီပီ အဆီကိုစား အသားကို မျိုနေရလို့ ပေလားမသိ။ တကယ့်အားကောင်းမောင်းသန်ယောကျ်ားကြီးဖြစ်နေပေပြီ။

ငွေခားလွယ်ရ သူကြီးမင်း ဦးဘတူမှာတော့ သားလူရမ်းကားကြောင့် ရပ်မှာ ရွာမှာ မျက်နှာငယ်ခဲ့ရ အခါခါ ဆိုသလိုဖြစ်နေခဲ့ပေပြီ။ သို့သော် ပိုနေမြဲ ကျားနေမြဲ ဟိတ်ဟန်ထုတ်ပြီး သူကြီးအလုပ်ကို လုပ်မြဲ လုပ်သည်။

(၃)

တစ်နေ့ ညနေရီနေဝင်ဖျိုးဖျအချိန်ပါပဲ၊ သူကြီးမင်းနှင့် သူကြီးကတော် ဒေါ်မေသော်တို့ ညနေစာ စားအပြီးမှာ ကွမ်းအစ်တစ်လုံးကိုအလယ်ကချ ကွမ်းရွက်လေးမှာထုံးဆွတ် ကွမ်းသီးစိတ်ကလေးနှင့် စမုံစပါးကလေးထည့်ပြီး ကွမ်းယာမြုံ့ရင်း ငယ်လင်ငယ်မယား အရယ်အပြုံးတချို့တစ်ဝက်နဲ့ နှစ်သက်ကြည်နူးဟန် လေသံညင်းညင်း စကားသံခင်းနေကြလေရဲ့။ ဟော ဘယ်ကဘယ်လိုရောက်လာခဲ့လေသည်မသိ။ သားတော်မောင်အောင်ကျား တေးသွားတကြော်ကြော် အော်ဟစ်ဆိုရင်း မွေးသမိခင်၊ မွေးသဖခင်တို့ရှေ့ရောက်တော့ ဒူးထောက်ထိုင်ရင်း ရှိခိုးလိုက်သည်။ သည်အဖြစ်ကိုကြည့်ပြီး သူကြီးမင်းတို့လင်မယားမှာ ပျော်ရမလား၊ ငိုရမလား ဝေခွဲမတတ်ရှာပါဘူး။ ကွမ်းယာလေးတွေ ဝါးရင်း ကွမ်းတံတွေးတွေ တဗျင်းဗျင်း တွေးထုတ်ရင်း အပ္ပုရုပ်ကို ဟန်လုပ်ပြီး သားတော်မောင်ကို တစ်ချက်စူးစိုက်ကြည့်လိုက်မိကြသည်။

"ကျေးဇူးရှင် အဖေနဲ့ အမေရေ"

"ပြောလေသား သားပြောချင်တာဘာလဲ ဟင်"

အဖေသူကြီးမင်း ဖွင့်ဟအပြီးမှာတော့ သားတော်မောင်အောင်ကျား လေးလေးမှန်မှန်လေသံလေး ပစ်ပြီး ဆန္ဒသဘောထားတစ်ခုကို ရင်ဘတ်နှင့်တင်ပြဖြစ်လိုက်တော့သည်။

"အဖေနဲ့ အမေရယ် ခုရွာမှာ အသစ်ရောက်လာတဲ့ ဆရာမလေး မြမြထွေးကို သားအိမ်ထောင်ဖက်အဖြစ်စိတ်ဝင်စားလို့ပါဗျာ။ အဖေက သူကြီးပဲ တောင်းရမ်းပေးပါလား အဖေရယ်"

မမျှော်လင့် မရည်ရွယ်သောစကား သားဆီက ကြားလိုက်ရတော့ မိဘနှစ်ဖြာ အဖေနှင့်အမေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘယ်ကစလို့ဘာပြန်ပြောရမှန်းမသိရှာကြ၊ ပတ်ဝန်းကျင်တစ်ဝိုက် တဒင်္ဂတိတ်ဆိတ်သွားသည်။

"နော်အဖေနော်၊ အမေရယ် အဖေ့ကို ပြောပေးစမ်းပါ။ အဖေက သူကြီးပဲ အဖေကြီးပြောရင် အဆင်ပြေမှာ"

သူကြီးသားအောင်ကျားမှာ ကျောင်းဆရာမလေး မြမြထွေးအချောအလှကြောင့် ကာမဂုဏ်အဆိပ်တက်နေခဲ့ပြီမို့ မလိုက်လျောလျှင် မဖြစ်တော့ဘူးဆိုတာ လူတကာအပေါ်မှာ လူပေါ်လူဇော်လုပ်နေသည့် သူကြီးမင်း ကောင်းကောင်းသိခဲ့လေပြီ။

"ကဲ ကဲ သားရယ် သားဆန္ဒပြည့်ဝအောင် အဖေကိုယ်တိုင်ပဲ ဆရာမလေးကို နားဖောက်ပေးမယ်နော်"

"ဒါမှ တို့အဖေ သူကြီးမင်းကွ ဒါကြောင့်ဖေကြီးကို သားချစ်တာ"

အောင်ကျားမှာ ပျော်ခြင်းမကပျော်ကာ ခုန်ပေါက်ပြေးထွက်သွားခဲ့လေတော့သည်။

"အဖေကြီး သတိထားမိလား သားအရက်မူးနေသလိုပဲသိလား။ ရှက်ရကောင်းမှန်းမသိဘူး မိဘဆီ မယားတောင်းတာကြည့်ပါအုံး။ ဘယ်သူတွေ မြှောက်ပေးလိုက်သလဲ မသိဘူး"

"ဒါတွေထားပါတော့ မေသော်ရယ် သူ့ကိုမြှောက်ပင့်ပေးပြီး အရက်သောက်၊ ဆေးလိပ်သောက် အကုန်သင်ပေးနေတဲ့ ကပ်စားကပ်မြှောင် လှမောင်နဲ့ ခင်ဌေးတို့ပဲနေမှာပေ့ါ"

"ကျွန်မတော့ စိတ်ညစ်တယ်"

သူကြီးကတော် ဒေါ်မေသော် စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်းလျှော်ပြီး ဖားလျားချထားသောဆံပင်ကို လက်နှစ်ချောင်းဖြင့် တဖြန်းဖြန်းကုတ်ခြစ်ပစ်လိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၇၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၇၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မြေပဲ ၇၂၄၇ ဧက စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၇၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲ ၇၂၄၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၇၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ မနောသုခဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ အရည်အသွေးပြည့်မီတဲ့ မနောသုခစပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တာပါ။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က ဇူလိုင်လထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါမနောသုခဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် နတ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုစေရန်အတွက် နတ်ရွာကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နတ်ရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၂၀ ကို ရန်ပုံငွေကျပ် ၅၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

## တန်ဖိုး

- လူ့ပြည်လူ့ရွာ လူတို့မှာကား
ပညာမဲ့ကင်း အသိယွင်းသော်
အခင်းကြီးငယ် ရှိခါဝယ်လည်း
ဘေးဖယ်ရှောင်ရှား ကျော်ကာလွှားလို့
စကားမဆို ဘေးဖယ်သို့၍
မလိုကဲ့ရဲ့ တန်ဖိုးမဲ့၏။

- စာပေမတတ် ရှိတုံလတ်သော်
စိတ်ဓာတ်မပြင် မဆင်ခြင်ဘဲ
မြော်မြင်မတွေး အမှန်ဝေးကာ
ဆွေးနွေးအစဉ် လမ်းမှားယှဉ်၍
မခင်တရား အစဉ်မှားလို့
ပလွှားညဉ်ဆိုး မဲ့တန်ဖိုး။

- ကိုယ်ကျင့်တရား အလွဲမှားနှင့်
မုသားပြောဆို ရေသာခို၍
ရန်လိုဒေါသ အာဃာတနှင့်
အတ္တကြီးသူ မိုက်မဲလူကား
သူငါကဲ့ရဲ့ တန်ဖိုးမဲ့၏။

- စည်းကမ်းမဲ့စွာ ထောင်လွှားကာဖြင့်
ငါငါအစွဲ နှုတ်တွင်မြဲသော်
တစ်လွဲအယူ တံခွန်ထူသို့
သည်းအူဝမ်းတွင်း အတ္တနှင်းကာ
သိမ်ဖျင်းဝါစာ ရှိစေကာမူ
သူငါကဲ့ရဲ့ တန်ဖိုးမဲ့၏။ ။

**ရွှေတိုး(ထုံးဘို)**

# အင်္ဂပူမြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အင်္ဂပူ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေတ္တာကုန်းကျေးရွာ၊ တာကန့်လန့်ကျေးရွာ၊ ကျောင်းစုကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မေတ္တာကုန်းကျေးရွာ၊ တာကန့်လန့်ကျေးရွာ၊ ကျောင်းစုကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၉ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အင်္ဂပူမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင် ထံမှ သိရသည်။ **သံသာ**

# ကမ္ဘာပေါ်ရှိ ထူးခြားဆန်းပြားသတ္တဝါများ

ခိုင်ဇင်

ကမ္ဘာပေါ်က သက်ရှိမျိုးစိတ်တိုင်းမှာ မတူညီတဲ့ထူးခြားချက်တွေနဲ့ သဘာဝပတ်ဝန်းကျင်အတွက် အရေးပါတဲ့အခန်းကဏ္ဍတွေရှိကြပါတယ်။ ကမ္ဘာပေါ်မှာ လူသားတွေမသိသေးတဲ့ သက်ရှိမျိုးစိတ်များစွာ ရှိနေဆဲဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း မျိုးစိတ်အသစ်တွေကိုလဲ သိပ္ပံပညာရှင်တွေက ဆက်လက်ရှာဖွေတွေ့ရှိနေကြဆဲဖြစ်ပါတယ်။ အဲဒီမျိုးစိတ်တွေထဲမှာ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ အရောင်အသွေး၊ နေထိုင်မှုပုံစံနဲ့ အပြုအမူတွေဟာ အလွန်ထူးခြားလွန်းတာကြောင့် မြင်တွေ့သူတိုင်းကို အံ့အားသင့်စေသလို သိပ္ပံပညာရှင်တွေအတွက်လဲ လေ့လာစူးစမ်းစရာများစွာ ဖြစ်ပေါ်စေပါတယ်။

သဘာဝတရားရဲ့ အံ့ဖွယ်ဖန်တီးမှုတွေကို ကိုယ်စားပြုနေတဲ့ အဲဒီသတ္တဝါတွေဟာ သဘာဝပတ်ဝန်းကျင်ရဲ့ ဟန်ချက်ညီမှုကို ထိန်းသိမ်းပေးရုံသာမက ဇီဝမျိုးစုံမျိုးကွဲတွေရဲ့ တန်ဖိုးကိုလဲ ထင်ဟပ်စေပါတယ်။ အခုတစ်ပတ်မှာ ဖော်ပြသွားမှာကတော့ ကမ္ဘာပေါ်က ထူးခြားပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့ သတ္တဝါတွေထဲကတချို့ကို ဗဟုသုတအနေနဲ့ ထုတ်နုတ်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**အက်ဆိုလော့တယ် (Axolotl)**



အက်ဆိုလော့တယ်ဟာ မက္ကဆီကိုနိုင်ငံမှာရှိတဲ့ ရေချိုအိုင်တွေမှာ သဘာဝအတိုင်းတွေ့ရတဲ့ ရေနေ၊ ကုန်းနေသတ္တဝါမျိုးစိတ်တစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားတဲ့စွမ်းရည်ကတော့ ပျက်စီးသွားတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ပြန်လည်ဖွံ့ဖြိုးလာစေနိုင်တာပဲဖြစ်တယ်။ လက်၊ ခြေ၊ အမြီးတွေတင်မကဘဲ ကျောရိုး၊ နှလုံးနဲ့ ဦးနှောက်အစိတ်အပိုင်းတွေကိုပါ ပြန်လည်ကြီးထွားလာစေနိုင်တယ်လို့ သိပ္ပံပညာရှင်တွေရဲ့သုတေသနရလဒ်တွေမှာ ဖော်ပြထားတယ်။

အက်ဆိုလော့တယ်ဟာ အရွယ်ရောက်ပြီးသားဖြစ်နေပေမဲ့ ပိုးလောင်းအဆင့်ရဲ့သွင်ပြင်ကို ဆက်လက်ထိန်းသိမ်းထားနိုင်တဲ့ ထူးခြားတဲ့ ဇီဝဗေဒဆိုင်ရာ လက္ခဏာရှိပါတယ်။ သူတို့က အဓိကအားဖြင့် ပိုးမွှားတွေ၊ ပုစွန်အသေးတွေ၊ ငါးအသေးတွေနဲ့ ရေနေကျောရိုးမဲ့သတ္တဝါတွေကို စားသုံးကြတယ်။ သူတို့ဟာ ၁၀ နှစ်ကနေ ၁၅ နှစ်လောက်ထိ အသက်ရှင်နိုင်ပြီး ကောင်းမွန်တဲ့ပြုစုစောင့်ရှောက်မှုရရင် ဒီထက်ပိုပြီး အသက်ရှင်နိုင်ပါတယ်။ လက်ရှိမှာတော့ မြို့ပြဖွံ့ဖြိုးလာတာ၊ ရေညစ်ညမ်းလာတာနဲ့ သဘာဝနေရပ်တွေ၊ ပျက်စီးလာတာတွေကြောင့် အက်ဆိုလော့တယ်ကောင်ရေဟာ သိသိသာသာလျော့နည်းလာပါတယ်။

ဒါကြောင့် မျိုးသုဉ်းပျောက်ကွယ်ဖို့ အလွန်နီးစပ်နေတဲ့သတ္တဝါအဖြစ် သတ်မှတ်ထားပြီး သဘာဝနေရပ်ထိန်းသိမ်းရေးနဲ့ မျိုးပွားထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထား ဆောင်ရွက်နေကြပါတယ်။

**နားဝေးလ် (Narwhal)**



နားဝေးလ်ဟာ အာတိတ်သမုဒ္ဒရာရဲ့ ရေခဲဖုံးလွှမ်းနေတဲ့ ပင်လယ်ဒေသတွေမှာ သဘာဝအတိုင်းနေထိုင်တဲ့ ဝေလငါးမျိုးစိတ်တစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားတဲ့လက္ခဏာကတော့ အထီးအများစုမှာတွေ့ရတဲ့ရှည်လျားတဲ့အစွယ်ဖြစ်ပြီး အဲဒီအစွယ်ကြောင့် ပင်လယ်ယူနီကွန်းလို့ လူသိများကြပါတယ်။ အဲဒီအစွယ်ဟာ အမှန်တကယ်တော့ ဘယ်ဘက်အပေါ်သွားတစ်ချောင်းသာဖြစ်ပါတယ်။ အဲဒီသွားဟာ အရှည်လိုက်ကြီးထွားလာတာဖြစ်ပါတယ်။ အစွယ်ဟာ သုံးမီတာလောက်ထိ ရှည်လျားနိုင်ပြီး အစွယ်အတွင်းမှာ အာရုံခံနိုင်တဲ့အာရုံကြောသန်းပေါင်းများစွာ ပါဝင်နေတဲ့အတွက် အလွန်ထူးခြားတဲ့ ဇီဝဗေဒဆိုင်ရာ ဖွဲ့စည်းပုံတစ်ခုလဲဖြစ်ပါတယ်။ သိပ္ပံဆိုင်ရာသုတေသနတွေအရ အဲဒီအစွယ်ကို ရေအပူချိန်၊ ရေဖိအား၊ ဆားဓာတ်နဲ့ ပတ်ဝန်းကျင်အပြောင်းအလဲတွေကို အာရုံခံသိရှိနိုင်ဖို့ အသုံးပြုတယ်လို့ယူဆထားကြပါတယ်။

ဒ့ါပြင် အချို့သော အထီး နားဝေးလ်တွေဟာ အစွယ်အချင်းချင်း ထိတွေ့ယှဉ်ပြိုင်ခြင်းဖြင့် အင်အားပြသတာနဲ့ မျိုးပွားရာသီအတွင်း အဖော်ရွေးချယ်ရာမှာလဲ အသုံးပြုကြတယ်လို့ လေ့လာချက်တွေမှာ ဖော်ပြထားပါတယ်။ နားဝေးလ်တွေဟာ အလွန်အေးခဲတဲ့ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေစွာနေထိုင်နိုင်ပြီး ဆောင်းရာသီအတွင်း ထူထပ်တဲ့ရေခဲလွှာအောက်မှာတောင် အသက်ရှင်နိုင်ကြပါတယ်။ မီတာရာနဲ့ချီတဲ့ အနက်ပိုင်းထိ ရေငုပ်နိုင်စွမ်းလဲရှိပါတယ်။ သူတို့ရဲ့ အဓိကအစာတွေကတော့ ကော့ဒ်ငါး၊ ဟာလီဘတ်ငါး၊ ပြည်ကြီးငါး၊ ပုစွန်နဲ့ အခြားရေနေသတ္တဝါငယ်တွေဖြစ်ပါတယ်။ နားဝေးလ်တွေဟာ ပုံမှန်အားဖြင့် နှစ် ၄၀ ကနေ နှစ် ၅၀ လောက်ထိ အသက်ရှင်နိုင်ကြပါတယ်။

လက်ရှိမှာတော့ ရာသီဥတုပြောင်းလဲမှုကြောင့် အာတိတ်ဒေသရှိ ရေခဲပြင်တွေ အရည်ပျော်လာတာ၊ လူသားတွေရဲ့ပင်လယ်ရေကြောင်းလှုပ်ရှားမှုတွေ တိုးပွားလာတာနဲ့ ပတ်ဝန်းကျင်ပြောင်းလဲတာတွေဟာ နားဝေးလ်တွေရဲ့ သဘာဝနေရပ်နဲ့ ရှင်သန်မှုကို ခြိမ်းခြောက်လာနေပါတယ်။ ဒါကြောင့် နားဝေးလ်မျိုးစိတ်ကို ရေရှည်ထိန်းသိမ်းနိုင်ဖို့ သုတေသနလုပ်ငန်းတွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်တွေကို နိုင်ငံတကာက ဆက်လက်အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**အိုင်အိုင် (Aye-aye)**



အိုင်အိုင်ဟာ မဒါဂက်စကာကျွန်းမှာသာ သဘာဝအတိုင်းတွေ့ရတဲ့ မျောက်မျိုးနွယ်ဝင် ရှားပါးသတ္တဝါတစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားတဲ့အသွင်အပြင်ကတော့ မျက်လုံးဝိုင်းဝိုင်းကြီးတွေ၊ နားရွက်ကြီးတွေ၊ အမွေးရှုပ်ရှုပ်တွေနဲ့ အလွန်ရှည်လျားပြီး ပါးလွှာတဲ့အလယ်လက်ချောင်းတို့ဖြစ်ပါတယ်။ ဒီထူးခြားတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံကြောင့် အိုင်အိုင်ကို ကမ္ဘာပေါ်ရှိ အဆန်းကြယ်ဆုံး မျောက်မျိုးနွယ်ဝင် သတ္တဝါတွေထဲက တစ်မျိုးအဖြစ်သတ်မှတ်ကြပါတယ်။

အိုင်အိုင်ရဲ့ အရှည်လျားဆုံး အလယ်လက်ချောင်းဟာ အစာရှာဖွေရာမှာ အလွန်အရေးပါတဲ့ ကိရိယာတစ်ခုဖြစ်ပါတယ်။ သူတို့ဟာ သစ်ပင်အခေါင်းတွေကို လက်ချောင်းနဲ့ ခေါက်နားထောင်ပြီး ပိုးကောင်တွေ ရှိ၊ မရှိကို အာရုံခံစစ်ဆေးကြပါတယ်။ အဲဒီနောက် သစ်သားကို သွားတွေနဲ့ ကိုက်ဖောက်ပြီး အဲဒီရှည်လျားတဲ့ လက်ချောင်းကို အပေါက်ထဲ ထိုးသွင်းပြီး ပိုးကောင်တွေ၊ အင်းဆက်ပိုးမွှားတွေနဲ့ သစ်သားအတွင်းနေထိုင်တဲ့သတ္တဝါငယ်တွေကို ဆွဲထုတ်စားသုံးကြပါတယ်။ ဒီလို အစာရှာဖွေပုံဟာ သစ်တောက်ငှက်ရဲ့ အပြုအမူနဲ့ ဆင်တူပါတယ်။

သူတို့ဟာ သစ်သီး၊ အခွံမာသီးနဲ့ အုန်းရည်တို့ကိုလဲ စားသောက်လေ့ရှိပြီး ညဘက်မှာသာ အဓိကလှုပ်ရှားရှာဖွေစားသောက်တဲ့ သတ္တဝါတစ်မျိုးဖြစ်ပါတယ်။ အိုင်အိုင်တွေဟာ ပုံမှန်အားဖြင့် နှစ် ၂၀ မှ ၂၅ နှစ်လောက်ထိ အသက်ရှင်နိုင်ကြပါတယ်။ ဒါပေမဲ့ ဒေသခံတချို့က အိုင်အိုင်ကို ကံဆိုးခြင်းရဲ့သင်္ကေတအဖြစ် ယုံကြည်ကြတဲ့အတွက် တွေ့ရှိရင်သတ်ဖြတ်လေ့ရှိကြပြီး သစ်တောပြုန်းတီးမှုကြောင့် သဘာဝနေရပ်တွေ လျော့နည်းလာတာကလဲ သူတို့ကောင်ရေကို ကျဆင်းစေပါတယ်။

အမှန်တကယ်မှာတော့ အိုင်အိုင်ဟာ သစ်ပင်တွေ ဖျက်ဆီးတဲ့ ပိုးမွှားတွေကို စားသုံးပေးခြင်းအားဖြင့် သဘာဝဂေဟစနစ်ကို ထိန်းညှိပေးတဲ့ အကျိုးပြုသတ္တဝါတစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမှာ အိုင်အိုင်မျိုးစိတ်ကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ သဘာဝနေရပ်ထိန်းသိမ်းရေးအစီအစဉ်တွေကို ဆက်လက်အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

**ဆိုင်ဂါအန်တီလိုပ် (Saiga Antelope)**



ဆိုင်ဂါအန်တီလိုပ်ဟာ ကာဇက်စတန်၊ ရုရှားနဲ့ မွန်ဂိုလီးယားနိုင်ငံတို့ရဲ့ကျယ်ပြန့်တဲ့မြက်ခင်းပြင်ဒေသတွေမှာ သဘာဝအတိုင်း နေထိုင်တဲ့ တောရိုင်းတိရစ္ဆာန်တစ်မျိုးဖြစ်ပါတယ်။ သူ့ရဲ့ထူးခြားတဲ့ လက္ခဏာကတော့ ကြီးမားပြီးပျော့ပျောင်းတဲ့ နှာခေါင်းပုံစံဖြစ်ပါတယ်။ ဆိုင်ဂါအန်တီလိုပ်ရဲ့ နှာခေါင်းဟာ ဖုန်မှုန့်တွေနဲ့ သဲမှုန့်တွေကို စစ်ထုတ်ပေးနိုင်တဲ့အပြင် ဆောင်းရာသီမှာ အလွန်အေးတဲ့လေကို အဆုတ်ထဲမရောက်ခင်နွေးထွေးစေပြီး နွေရာသီမှာတော့ ပူပြင်းတဲ့လေကို အေးမြစေတဲ့ သဘာဝလေစစ်စနစ်တစ်ခုလို လုပ်ဆောင်ပေးပါတယ်။ သူတို့ဟာ မြက်ပင်၊ အပင်ငယ်တွေနဲ့ တောရိုင်းအပင်မျိုးစုံကို အဓိကစားသုံးကြပြီး ရာသီအလိုက်အစာနဲ့ ရေအရင်းအမြစ်ကို ရှာဖွေဖို့ အုပ်စုလိုက်ရွှေ့ပြောင်းသွားလာလေ့ရှိပါတယ်။ တစ်ခါတစ်ရံမှာ သောင်းနဲ့ချီတဲ့ အုပ်စုကြီးတွေ ဖွဲ့စည်းကာ မြက်ခင်းပြင်တွေကို ဖြတ်သန်းရွှေ့ပြောင်းကြတဲ့မြင်ကွင်းဟာ အလွန်ထူးခြားလှပါတယ်။ ဆိုင်ဂါအန်တီလိုပ်တွေဟာ ပုံမှန်အားဖြင့် ၁၀ နှစ်မှ ၁၂ နှစ်လောက်ထိ သက်တမ်းကြာပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ တရားမဝင် အမဲလိုက်ခံရမှု၊ ကူးစက်ရောဂါဖြစ်ပွားမှု၊ သဘာဝနေရပ်တွေ လျော့နည်းလာမှုနဲ့ ရာသီဥတုပြောင်းလဲမှုတို့ကြောင့် သူတို့ရဲ့ အရေအတွက်ဟာ သိသိသာသာ ကျဆင်းလာခဲ့ပါတယ်။ ဒါကြောင့် ဆိုင်ဂါအန်တီလိုပ်ကို မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့ အန္တရာယ်ရှိတဲ့ တောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ထားပြီး သဘာဝနေရပ်ထိန်းသိမ်းရေးနဲ့ မျိုးစိတ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို နိုင်ငံတကာက အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၀၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၀၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၃၆၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၀၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကိုလျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေး၊ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးနည်းပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တန်း ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ကြံပင်ကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က RBF စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းရန်ပုံငွေများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် RBF စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြံပင်ကျေးရွာရှိ CP ဝက်မွေးမြူရေး လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့လေးဖွဲ့ကို စီမံကိန်းရန်ပုံငွေကျပ် ၃၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အိပိုးပိုး

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အုန်းသီးနု အလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဒေသထွက် အုန်းသီးနုအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း အုန်းသီးနုအလုံးရေ ၄၂၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း အုန်းသီးနုအလုံးရေ ၅၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် အုန်းသီးနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း အုန်းသီးနု အလုံးရေ ၅၃၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ အုန်းသီးနုတွေ ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက် အုန်းသီးနုတွေ ဝယ်ယူမှုအားကောင်းလာတဲ့အတွက် အုန်းစိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကိုရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် အုန်းစိုက်ပျိုးသူများ၊ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်ရရှိကာ အဆင်ပြေနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေထံမှ သိရသည်။

ကျော်ကျော်လင်း

# လေးမျက်နှာမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လေးမျက်နှာ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သိမ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၀ ဒသမ ၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးထံမှ သိရသည်။

သံသာ

# သထုံမြို့နယ် ဂျိုင်းရွာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သထုံ ဇူလိုင် ၅**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျိုင်းရွာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဂျိုင်းရွာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံ့စီးပွားထုတ်ကုန်မြန်မာ့ဝါး

ကိုကျော်စွာ(ကျိုက်ပိ)

ဝါးပင်သည် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိသည်။ ကမ္ဘာပေါ်မှာ ဝါးပေါက်ရောက်မှုတတိယအများဆုံးမှာမြန်မာနိုင်ငံဖြစ်သည်။ ဝါးကို ရှေးယခင်မှ ယနေ့ထိ အသုံးပြုနေကြဆဲဖြစ်သည်။ ဝါးကိုလူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ်လည်းကောင်း၊ အိမ်ဆောက်ပစ္စည်းများအဖြစ်လည်းကောင်း၊ ဝါးလက်မှုထုတ်ကုန်များအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ထို့ကြောင့် ဝါးပင်သည် အဓိကစိုက်ပျိုးသင့်သော အပင်တစ်မျိုးဖြစ်သည်။

**ဝါးသဘာဝနှင့်ဝါးမျိုးစိတ်**

ဝါးကို မြန်မာအဘိဓာန်တွင် အမြစ်ဆုံမှ အပင်များပွား၍ တစ်စုတည်းပေါက်တတ်ပြီး ပင်စည်ကို စိတ်ဖြာ၍ ထရံ၊ တောင်း စသည်ရက်လုပ်ရသော အပင်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဝါးသည် မြက်မျိုးရင်းဝင်ဖြစ်သည်။ မြက်အမျိုးပေါင်း ၄၂၀ ရှိသည့်အနက် ၈၆ မျိုးသည် ဝါးမျိုးများဖြစ်သည်။ ဝါးမျိုးရင်းအမည်မှာ Poaceae ဖြစ်သည်။ အင်္ဂလိပ်အမည်အားဖြင့် Bamboo ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Bambusa Vulgaris၊ Phyllostachys Edulis ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၀ ကျော်ခန့် အလေ့ကျပေါက်ရောက်ရှင်သန်ကြသည်။ ထိုဝါးမျိုးစိတ်များအနက်မှ မြန်မာနိုင်ငံတွင်ဝါးမျိုးစိတ်ပေါင်း ၂၀ ပေါက်ရောက်ရှင်သန်ကြသည်။ ဝါးပေါက်ရောက်ပုံသဘာဝကို အကြမ်းဖျင်းအားဖြင့် သုံးမျိုးခွဲခြားနိုင်သည်။ (၁) တစ်ပင်ချင်းပေါက်ရောက်လေ့ရှိသောဝါး (၂)အစုလိုက်သို့မဟုတ် အုပ်စုလိုက်ပေါက်လေ့ရှိသောဝါး (၃)အထက်ပါအုပ်စုနှစ်စုရော၍ပေါက်သောဝါးတို့ဖြစ်သည်။ ဝါးပင်သည် စုစုရုံးရုံးပေါက်ရောက်လေ့ရှိသည့် သဘာဝကြောင့် စည်းရုံးခြင်းသဘောကိုဆောင်သည်။ ဝါးပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မှ ပေ ၂၆၀၀ ကြားတွင် အများဆုံးရှင်သန်ပေါက်ရောက်ကြသည်။ ရာသီဥတုအနေဖြင့် အပူချိန် ၁၁ ဒီဂရီဖာရင်ဟိုက် မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်နှင့် မိုးရေချိန်အနေဖြင့် ၃၁ လက်မ မှ ၂၅၄ လက်မအတွင်းဖြစ်ထွန်းပြီး ရေမဝပ်သောမြေမျိုးနှင့် ဆားငန်ရေဝင်သောမြေမှလွဲ၍ အခြားမြေမျိုးများတွင်ရှင်သန်ပေါက်ရောက်ကြသည်။

**ဝါးအမည်များ**

ဝါးမျိုးစိတ်အများအပြားရှိသည့်အနက် အချို့ကို ဖော်ပြပါမည်။ ယင်းတို့မှာ ဝါးပိုး၊ ဝါးပိုးမျက်ဆန်ကျယ်၊ မြင်ဝါး၊ ဝါးယား သို့မဟုတ် ဝါးနက်၊ ဝါးဖြူ၊ ကြလိုဝါး၊ တင်းဝါး၊ ခရင်ဝါး၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီး၊ ထီးရိုးဝါး၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ ကြခတ်မ၊ ဝါးမင်း၊ ခဲလံဝါး၊ ဝါးဖယောင်း၊ ပလောပီနံဝါး၊ မျှင်ဝါး၊ ရေဝါး၊ လစ်ဝါး၊ ဝါးကုပ်၊ ဝါးဖြူကလေး၊ ငနက်ရှော၊ ဝါးကြီး၊ ဝါးထွန်၊ ဝါးဘိုးအေ၊ ဝါးပြောက်၊ ဝါးသပွတ်၊ ကရင်ဝါးစသည်တို့ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်အကျိုးပြုဝါး**

ဝါးပင်သည် သဘာဝပတ်ဝန်းကျင်ကို များစွာအကျိုးပြုသည်။ လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး သက်ရှိတို့အတွက် အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ပတ်ဝန်းကျင်အစိုဓာတ်ရှိနေချိန်တွင် ထိုအစိုဓာတ်ကိုစုပ်ယူထားပြီး ပတ်ဝန်းကျင်ခြောက်သွေ့သွားချိန်တွင် စုပ်ယူထားသော အစိုဓာတ်ကိုပြန်လည်ထုတ်လွှတ်ပေးသည်။ ဝါး ၂ ဒသမ ၄၇၁ ဧက ရှိသော ဝါးစိုက်ခင်းတစ်ခင်းသည် လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်ဆောက်ဆိုက်ဓာတ်ငွေ့ကို ၆၂ တန်ထိ စုပ်ယူပေးနိုင်သည်။ မည်သို့ပင်ဆိုစေ ဝါးပင်သည် ပတ်ဝန်းကျင်ကို အကျိုးပြုသည်ကတော့ အမှန်ဖြစ်သည်။ အခြားသော အပင် ၂ ဒသမ ၄၇၁ ဧကသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ၁၅ တန်ခန့်သာစုပ်ယူနိုင်သည်။ ဤကားဝါးပင်နှင့် အခြားအပင်တို့၏ကွာခြားချက်ဖြစ်သည်။ ထို့ပြင် ဝါးပင်အမြစ်ဖွဲ့စည်းမှုသည် အခြားအပင်များနှင့်မတူဘဲ



အမြစ်ကျစ်လျစ်သည်။ ထို့ကြောင့် မြေဆီလွှာကို ရေတိုက်စားမှုမှကာကွယ်ပေးသည်။ ဝါးပင်သည် အစိုဓာတ်ကိုထုတ်လွှတ်ပေးသလို ရာသီဥတုပူနွေးမှုကိုလည်း လျှော့ချပေးနိုင်သည်။ အကြောင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုပ်ယူမှုများသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသည့် ဝါးပင်ကိုတိုးချဲ့စိုက်ပျိုးသင့်သလို ဝါးပင်များကိုလည်း ထိန်းသိမ်းပေးသင့်သည်။

**စီးပွားဖြစ်စိုက်ပျိုးသင့်သောဝါး**

ဝါးစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးနည်းနှင့် အစေ့မှလည်းမျိုးပွားယူစိုက်ပျိုးကြသည်။ စီးပွားဖြစ်ဝါးစိုက်ပျိုးမည်ဆိုပါက မြေ၊ ရာသီဥတုအပြင် သင့်လျော်သော ဝါးမျိုးစိတ်ကိုရွေးချယ်စိုက်ပျိုးဖို့လည်းလိုသည်။ ဝါးစိုက်ပျိုးမည့်မြေကိုရွေးချယ်မည်ဆိုပါက လမ်းပန်းဆက်သွယ်ရေးကောင်းသည့် မြေနေရာမျိုးကို ရွေးချယ်ဖို့လိုသည်။ ဝါးထုတ်ကုန်များထုတ်လုပ်သည့်နေရာနှင့်နီးသော နေရာမျိုးကိုလည်းရွေးချယ်စိုက်ပျိုးသင့်သည်။ ထိုအခါမှ သယ်ယူစရိတ်သက်သာမည်ဖြစ်သည်။ ဝါးကို စီးပွားဖြစ်သီးသန့်စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ၁၀ ပေခြားစိုက်ပျိုးရသည်။ ဝါးပင်သည် တဖြည်းဖြည်းအုံလိုက်ကျင်းလိုက် ပြန့်ပွားတတ်သောကြောင့်ဖြစ်သည်။ ဝါးပင်သည် အလေ့ကျပေါက်ရောက်မှုရှိသလို စနစ်တကျစီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။

**နိုင်ငံ့စီးပွား ထုတ်ကုန်ဝါး**

ဝါးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်သကဲ့သို့ စီးပွားဖြစ်လည်းစိုက်ပျိုးနိုင်သည်။ နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ပေးရာ၌ ဝါးကို အခြေခံသော ကုန်ပစ္စည်းထုတ်လုပ်ခြင်းဖြင့် မြှင့်တင်ပေးခြင်းဖြစ်သည်။ စီးပွားရေးအခြေခံဝါးထုတ်ကုန်များကို စနစ်တကျ ခေတ်မီဆန်းသစ်အောင် ထုတ်လုပ်ကြခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေမည်ဖြစ်သည်။ ဝါးထုတ်ကုန်ကို အမျိုးအစားအားဖြင့် စားသောက်ကုန်၊ အိမ်ထောင်ပရိဘောဂထုတ်ကုန်၊ ဝါးလက်မှုပစ္စည်းထုတ်ကုန် စသည်ဖြင့် အမျိုးမျိုး ထုတ်လုပ်ကြသည်။

**ဝါးအခြေခံစားသောက်ကုန်မျှစ်**

မိမိတို့နိုင်ငံတွင် ဝါးကိုအခြေခံသော စားသောက်ကုန်အများဆုံးထုတ်လုပ်သည်မှာ မျှစ်ဖြစ်သည်။ ဝါးစိမ်းနုသို့မဟုတ် ဝါးစို့ကိုပြုပြင် ထုတ်လုပ်ခြင်းဖြင့် တန်ဖိုးမြှင့်အစားအစာထုတ်ကုန်မျှစ်ဖြစ်လာသည်။ မျှစ်ကို အစိမ်းအတိုင်းမျှစ်ချက်အနေဖြင့် စားသုံးကြသလို အချဉ်တည်ပြီးလည်း မျှစ်ချဉ်အဖြစ် စားသုံးကြသည်။ ထို့ကြောင့် မျှစ်ချဉ်နှင့်မျှစ်ချိုဟူ၍ နှစ်မျိုးခွဲထားခြင်းဖြစ်သည်။ မျှစ်သည် မြန်မာနိုင်ငံ၏ စားသောက်ကုန်တစ်မျိုးဖြစ်ပြီး နိုင်ငံ၏စီးပွားရေးတွင် ဒေသထုတ်ကုန်တစ်မျိုးအဖြစ်လည်း ထုတ်လုပ်ကြသည်။ မျှစ်တွင် အမျှင်ဓာတ် ၂ ဒသမ ၅ ဂရမ်မှ ၃ ဒသမ ၅ ထိပါဝင်ပြီး ပိုတက်ဆီယမ်ဓာတ်မှာ ၅၀၀ မီလီဂရမ်ကျော်ထိပါဝင်သည်။ မျှစ်စို ၁၀၀ ဂရမ်မှာ ကစီဓာတ် ၅ ဂရမ်၊ အသားဓာတ် ၂ ဒသမ ၅ဂရမ် ပါဝင်သည့်အပြင် သွေးပေါင်ချိန်ကိုထိန်းညှိပေးပြီး နှလုံးကျန်းမာရေးအတွက် အထူးကောင်းမွန်သည်။

**တန်ဖိုးမြှင့်ဝါးထုတ်ကုန်များ**

ဝါးလက်မှုပစ္စည်းများတွင် လူသုံးကုန်ပစ္စည်း၊ အိမ်တွင်းအလှကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် အိမ်ဆောက်လုပ်ရေးပစ္စည်းများ စသည်ဖြင့်ခွဲခြားထားသည်။ လူသုံးကုန်ပစ္စည်းများမှာ ဆန်ကော၊ ဆန်ကာ၊ ထမင်းအုပ်ဆောင်း၊ ခွက်အမျိုးမျိုး စသည်တို့ကိုဖြစ်သည်။

ဝါးကြမ်းခင်း၊ အိမ်ကာ၊ အိမ်မိုးရန်အတွက် ဝါးထရံများပြုလုပ်ကြသည်။ ထို့ပြင် ဝါးဖြင့်ပြုလုပ်သော တစ်သျှူးထည့်စရာအမျိုးမျိုး၊ ဝါးလင်ပန်းအမျိုးမျိုး၊ ဝါးဓာတ်ဗူး၊ ဝါးရေနွေးကရား၊ ဝါးသောက်ရေခွက်စသည်ဖြင့် လက်မှုပစ္စည်းအမျိုးမျိုးပြုလုပ်အသုံးပြုကြသည်။ ထို့ပြင်အိမ်နံရံများ၌ အလှဆင်သော ဝါးတိုင်ကပ်နာရီ၊ ဝါးဖြင့်ပြုလုပ်သော ဓာတ်ပုံဘောင်များအပြင် ဝါးမြစ်များဖြင့် ပြုလုပ်ထားသော အနုပညာ ပန်းပုလက်ရာများပြုလုပ် အသုံးပြုကြသည်။ ဝါးလက်မှုထုတ်ကုန်များတွင် ဝါးယွန်းထည်၊ ဝါးရေဘူး၊ ဝါးထမင်းချိုင့်၊ ဝါးခမောက်၊ ဝါးဦးထုပ်၊ ဝါးပလိုင်း၊ ဝါးခေါင်းအုံး၊ ဝါးအင်္ကျီချိတ်၊ ဝါးပိုက်ဆံအိတ်စသည်ဖြင့် အမျိုးမျိုးထုတ်လုပ်ကြသည်။

ဝါးပုသိမ်ထီး၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ ဝါးကုတင်၊ ဝါးဖျာ၊ အိမ်များ၊ ရုံးခန်းများ၌အသုံးပြုသည့် ခိုင်ခံ့လှပသောဝါးပါကေး၊ ဝါးကြမ်းခင်းနှင့်အိမ်တွင်းသုံးပရိဘောဂများအဖြစ် ထုတ်လုပ်အသုံးပြုနိုင်သည်။ ထို့ပြင် ဝါးတူ၊ ဝါးသွားကြားထိုးတံများလည်း ထုတ်လုပ်ကြသည်။ ဝါးကိုအခြေခံ၍ပြုလုပ်သော မြန်မာ့တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သော ယွန်းထည်ပစ္စည်းဆိုလျှင် ကမ္ဘာကျော်ဝါးထုတ်ကုန်တစ်ခုဖြစ်သည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့က ထုတ်လုပ်သော ပုသိမ်ထီးဆိုလျှင်လည်း ထင်ရှားသော မြန်မာ့ဝါးဖြင့်ပြုလုပ်သော တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုဖြစ်သည်။ ထို့ပြင် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်ကြသော ဝါးမီးသွေး၊ ဝါးရုလကာအနှစ်သန့်၊ ဝါးဖျော်ရည်၊ အဝတ်အထည်အတွက် ဝါးမျှင်၊ ဝါးစက္ကူစသည်တို့ဖြစ်ကြသည်။ တခြားနိုင်ငံတွေမှာဆို ဝါးအလုံးကို ကြမ်းမှာခင်းပြီးအပေါ်က ပါကေးအကြည်လောင်း၍ ဝါးကြမ်းခင်းအဖြစ်အလှဆင်ကြသည်။ အထူးသဖြင့် ဝါးမီးသွေးသည် တန်ဖိုးမြှင့်ဝါးထုတ်ကုန်များအနက် အရေးပါဆုံးထုတ်ကုန်တစ်မျိုးဖြစ်သည်။ ထင်းအစားထိုးအသုံးပြုနိုင်သဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ပေးသည်။ မီးသွေးနှင့်လောင်စာလုပ်ငန်းတို့သည် ဝင်ငွေတိုးတက်ရေးနှင့် အလုပ်အကိုင်ဖန်တီးရေးတို့အတွက် အရေးပါသလို ဝါးမီးသွေးလုပ်ငန်းသည် အရည်အသွေးပြည့်မီပါက ပြည်ပထိတင်ပို့နိုင်ပြီး ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်သည်။

နိဂုံးချုပ်အနေဖြင့် ဝါးသည်လေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်သကဲ့သို့ ကျန်းမာရေးကိုလည်း အကျိုးပြုသည်။ ထို့ပြင် ပြည်သူများနှင့်နိုင်ငံ၏ အခြေခံစီးပွားရေး အုတ်မြစ်ဟုလည်းဆိုနိုင်သည်။ မြန်မာနိုင်ငံတွင် ဝါးလက်မှုပစ္စည်းနှင့်ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များကို အများအပြားထုတ်လုပ်နိုင်သည်။ ထို့ကြောင့် ဝါးကိုအခြေခံသည့် အသေးစား၊ အလတ်စား၊ အငယ်စားစီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဖော်ဆောင်နိုင်ရန်လိုသည်။ ဤဝါးသည် ပြည်သူတို့၏ အခြေခံစီးပွားရေးဖြစ်သလို ဝါးစိုက်ခင်းများ၊ ဝါးကုန်ကြမ်းများ၊ ကျွမ်းကျင်စက်မှုလက်မှုပညာရှင်များကိုအသုံးပြု၍ အခြေခံအဆောက်အအုံများဖြင့် ဝါးလက်မှုပစ္စည်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များကိုထုတ်လုပ်နိုင်ပါက ပြည်သူတို့၏စီးပွားရေးအတွက် အားကိုးအားထားပြုနိုင်သည့်အပြင် ပြည်ပသို့တင်ပို့နိုင်ပါက ပြည်ပဝင်ငွေရရှိပြီး နိုင်ငံ့စီးပွားရေးလည်း အထောက်အကူပြုမည်ဖြစ်သည်။ ထို့ကြောင့် ဝါးကိုအသုံးပြု၍ လက်မှုပစ္စည်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်သောကြောင့် မြန်မာ့ဝါးကို စိုက်ပျိုးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ဝါးပင်တို့၏ သဘာဝနှင့်စီးပွားဖြစ်ဝါးစိုက်ပျိုးရေး-ဝင်းကျော်ဦး။**

# ချိုမြိန်အရသာ သီးနှံများနှင့် ကျန်းမာရေး

ပေါက်ပေါက်

### ဒူးရင်းသီးနှင့် ကျန်းမာရေး

ဒူးရင်းသီး၏ ထူးခြားသောအနံ့အရသာကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် "အသီးမှာဘုရင်" ဟု တင်စားခေါ်ကြသည်။ ဒူးရင်းသီးအနှစ်သားသည် ပရိုတင်းဓာတ်ကြွယ်ဝရုံသာမက လူသားတို့ကျန်းမာရေးအတွက် အကျိုးပြုဗီတာမင်နှင့် သတ္တုဓာတ် ၁၇ မျိုးပါရှိသည့်အတွက် နာလန်ထစလူနာများခွန်အားပြည့်ဓာတ်စာအဖြစ်စားနိုင်သည်။ သဘာဝသကြားဓာတ်ပါရှိကာ အလွန်နူးညံ့ပြီးအစာကြေလွယ်သဖြင့် ကိုယ်အလေးချိန်မပြည့်သော ကလေးငယ်များကို ဖြည့်စွက်စာအဖြစ်ကျွေးမွေးသင့်သည်။ ဒူးရင်းသီးတွင်ပါရှိသော သံဓာတ်နှင့်ဖော့စဖရတ်တို့သည် ငှက်ပျောသီးတွင်ပါဝင်မှုထက် ဆယ်ဆကျော်ပိုပါဝင်သည်။ အသီးထဲတွင်ပါဝင်သောအဆီဓာတ်သည် အခြားအသီးအနှံများထက် အဆီဓာတ်ပါဝင်မှုများပြားသော်လည်း ကိုလက်စထရောကင်းသောအဆီဖြစ်သည်။ အစာကြေလွယ်သော အမျှင်ဓာတ်များပေါကြွယ်ဝသောကြောင့် ဝမ်းပျော့စေပြီး၊ အူထဲရှိအကျိအချွဲများလျော့စေကာ အူမကြီးကင်ဆာဖြစ်ပွားခြင်းမှကာကွယ်ပေးသည်။

ခန္ဓာကိုယ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်ဘီဓာတ်ပေါင်းစုများကြွယ်ဝသောကြောင့် ကိုယ်ခံစွမ်းအားမြင့်မားကာ ပြင်ပရောဂါများ အလွယ်တကူမကူးစက်နိုင်အောင် တိုက်ထုတ်ပေးသည်။ သွေးသန့်စေသည့်အပြင် သွေးနီဥဆဲလ်များကိုထုတ်လုပ်ပေးပြီး သံဓာတ်နှင့် ဖောလစ်အက်စစ်တို့ကြွယ်ဝသဖြင့် သွေးအားနည်းရောဂါဖြစ်ပွားခြင်းမှကာကွယ်ပေးသည်။ ဒူးရင်းသီးထဲတွင် နှလုံးခုန်နှုန်းနှင့် သွေးဖိအားတို့ကိုထိန်းချုပ်ပေးသည့် ပိုတက်စီယမ်ဓာတ်များကြွယ်ဝစွာပါရှိသည်။ ကော့ပါးဓာတ်ပါရှိသဖြင့် သိုင်းရွိုက်ဝေဒနာကိုကောင်းကျိုးပြုသည်။ ပရိုတင်းဓာတ်ကြွယ်ဝသောကြောင့် ကြွက်သားများကောင်းစွာတည်ဆောက်မှုကိုအထောက်အကူပြုသည်။ မဂ္ဂနီစီယမ်၊ ဗီတာမင်ဘီနှင့် ပိုတက်စီယမ်တို့ကြွယ်ဝစွာပါရှိခြင်းကြောင့် အရိုးနှင့်အရိုးဆက်များကျန်းမာရေးကိုကောင်းစွာပံ့ပိုးပေးသည်။

မဂ္ဂနီစ်ဓာတ်ပါရှိခြင်းကြောင့် သွေးထဲရှိသကြားပမာဏကိုပုံမှန်ဖြစ်အောင် ထိန်းချုပ်ပေးသည်။ မီးစုန်းဓာတ်ပါရှိသဖြင့် သွားနှင့်သွားဖုံးကျန်းမာရေးကို ကောင်းစွာမြှင့်တင်ပေးသည်။ ဗီတာမင်ဘီ-၆ နှင့် အမိုင်နိုအက်စစ်တစ်မျိုးဖြစ်သော tryptophan တို့ပါဝင်သဖြင့် စိတ်ကျရောဂါများ၊ စိုးရိမ်ကြောင့်ကြဖြစ်ခြင်းနှင့် စိတ်ဖိစီးခြင်းစသည့်ဝေဒနာများပြေပျောက်စေကာ အိပ်မောကျစေ၍ ဉာဏ်ရည်တိုးတက်ကောင်းမွန်စေသည်။ ဗီတာမင်ဘီ-၂ ပါရှိသဖြင့် ခေါင်းတစ်ခြမ်းကိုက်ခြင်းမှသက်သာစေသည်။ သီအာမင်နှင့် နီအာစင်းဓာတ်များပါရှိနေသောကြောင့် ဒူးရင်းသီးစားပြီးနောက် ဗိုက်ဂကာ စိတ်ကျေနပ်မှုရစေပြီး နောက်ထပ်အစာစားချင်စိတ်ကိုချုိးနှိမ်ပေးသည်။ ဓာတ်ခွဲစမ်းသပ်ချက်အရ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သော ဗီတာမင်စီ RDA ရာနှုန်းပြည့်ပါရှိသဖြင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော free radicals များကို တိုက်ထုတ်ပေး၍ ကူးစက်ရောဂါများမှကာကွယ်ပေးကြောင်း၊ ထိခိုက်ဒဏ်ရာများ အနာကျက်လွယ်စေကာ အရေပြားကိုကျန်းမာစေကြောင်း၊ အရွယ်တင်နုပျိုစေကြောင်း လေ့လာသိရှိရသည်။

### သကြားသီးနှင့် ကျန်းမာရေး

အရသာမှာ သကြားကဲ့သို့ချိုမြိန်လှသောကြောင့် သကြားသီး၊ သကြားပင်ဟု အလွယ်ခေါ်ကြသည်။ မက္ကဆီကိုနိုင်ငံတွင် နူးညံ့ချိုမြိန်သောသကြားသီးရေခဲမုန့်မှာ အထူးရေပန်းစားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အချဉ်ဖောက်၍ဝိုင်အဖြစ်သောက်သုံးကြသကဲ့သို့၊ မလေးရှားနိုင်ငံတွင် သံပရာရည်၊ ချင်းတို့ဖြင့်စိမ်ပြီးသောက်လေ့ရှိကြသည်။

သကြားသီးတွင် ပိုတက်စီယမ်အမြောက်အမြားနှင့် ဆိုဒီယမ်အနည်းငယ်တို့ပါရှိခြင်းကြောင့် နှလုံးကို









များစွာကောင်းကျိုးပြုသည်။ နှလုံးသွေးကြောကျန်းမာရေးကို အထောက်အကူပြုပေးနိုင်သည်။ အသီးထဲတွင် ဗီတာမင်၊ သတ္တုဓာတ်နှင့် သဘာဝဖရုတ်တို့စ်နှင့် စူးကရို့စ်သကြားဓာတ်များပါရှိသဖြင့် ခန္ဓာကိုယ်အတွက်ခွန်အားဖြစ်စေကာ အချိန်တိုအတွင်းမှာပင် လူကိုလန်းဆန်းစေသည်။ ဗီတာမင်စီအပြည့်အဝပါရှိခြင်းကြောင့်လည်း ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော Free Radicals များကို တိုက်ထုတ်ပေးပြီး ကိုယ်ခံစွမ်းအားတိုးပွားစေသည်။ အသီးထဲတွင်ပါရှိသောဗီတာမင်အေသည် အမြင်အာရုံကြောများပျက်စီးခြင်းမှကာကွယ်ပေးသည်။

သကြားသီးကိုစားသုံးပေးခြင်းဖြင့် ဝမ်းချုပ်ခြင်းတို့ကိုသက်သာစေသည်။ အူထဲရှိအဆိပ်အတောက်များကိုဖယ်ရှားပေးသောကြောင့် အူမကြီးကင်ဆာဖြစ်ပွားခြင်းမှကာကွယ်ပေးသည်။ ဖောလစ်အက်စစ်ပါရှိခြင်းကြောင့် သွေးနီဥများတည်ဆောက်ခြင်းကိုအားပေးသဖြင့် သွေးအားနည်းသူများစားပေးသင့်သည်။ မြန်မာ့ဆေးကျမ်းများတွင် သုက်ဓာတ်ပျက်ခြင်း၊ သည်းခြေရည်နောက်ကျိခြင်းတို့အတွက် သကြားသီးကို ဓာတ်စာအဖြစ်လည်းကောင်း၊ အအေးမိချောင်းဆိုးခြင်းစသောရာသီဖျားနာများ၊ သွေးပြန်ကြောရောဂါများ၊ အာရုံပျံ့လွင့်ခြင်းစသည့် ဝေဒနာအမျိုးမျိုးအတွက် သကြားသီးပင်၏အရွက်ပြုတ်သောက်၍လည်းကောင်း ဘက်စုံအသုံးပြုလေ့ရှိသည်။

### လေချူသီးနှင့် ကျန်းမာရေး

အင်္ဂလိပ်အမည်မှာ Longan Fruit ဖြစ်သည်။ မြန်မာပြည်တွင် လောင်ဂန်သီးဟုခေါ်ကြပြီး ထိုမှတစ်ဆင့် "လေချူသီး"ဟု အလွယ်ခေါ်လာကြသည်။ လေချူသီးကို ရေမြေဒေသကွဲပြားသွားသည့်အလျောက် နှင်းသီး၊ ကြောင်မျက်လုံး၊ စစ်ကိုင်းသီး (စစ်ကိုင်း ဆီးသီး)၊ တရုတ်ဆီးသီး၊ တရုတ်နှင်းသီး၊ သမင် မျက်လုံး၊ ကြို့သီး၊ နန်းပြားသီး၊ လုံအယ်သီး၊ တောကြက်မောက်သီး၊ နဂါးမျက်လုံး၊ မိကျောင်းမျက်စိဟု အမျိုးမျိုးခေါ်ကြသည်။

လေချူသီးထဲတွင် gallic အက်စစ်နှင့် အာနိသင်တူသော polyphenols ဓာတ်မြင့်မားစွာပါရှိသည်။ ထိုဓာတ်ကခန္ဓာကိုယ်တွင်း အဆိပ်အတောက်များနှင့် free radicals များကို လျှော့ချပေးနိုင်ပြီး ကင်ဆာအကျိတ်အဖုများကို ကောင်းစွာနှိမ်နင်းပေးသည်။ အထူးသဖြင့် ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့်သားအိမ်ခေါင်းကင်ဆာဆဲလ်များ ကြီးထွားပြန့်ပွားမှုကို ဟန့်တားပေးသည်။ လေချူသီးနှင့် အစေ့ထဲတွင်ပါရှိနေကြသော gallic, epicatechin, ellagic စသည့် အက်စစ်သုံးမျိုးဓာတုဓာတ်ပေါင်းစုက အအေးမိ၊ တုပ်ကွေး၊ ဖျားနာတို့ကို အလွယ်တကူမဖြစ်စေနိုင်ပေ။ ထို့ပြင် ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာများကို သက်သာစေကာ အစာအိမ်ရောဂါ၊ အစာမျိုလမ်းကြောင်းရောဂါတို့အတွက်ကိုလည်း ကောင်းကျိုးပြုသည်။ အရိုးပွရောဂါ၊ အရိုးပျော့ရောဂါစသည့် အရိုးကျန်းမာရေးအတွက် လေချူသီးစားပါ။ ပိုတက်စီယမ်မြင့်မားစွာပါရှိပြီး ဆိုဒီယမ်လုံးဝမရှိသည့်အတွက် သွေးတိုးရောဂါကို လွန်စွာကောင်းကျိုးပြုသည်။

သွေးကိုအာဟာရဓာတ်ဖြည့်ပေးနိုင်ပြီး အာရုံကြောစနစ်နိုးကြားစေသည့်အတွက် စိတ်ဖိစီးမှုများသူတွေ လေချူသီးစားသုံးပေးသင့်သည်။ အိပ်မပျော်သူများ၊ သွေးလေချောက်ချား စိတ်မငြိမ်သူများအတွက် လွန်စွာဆေးဖက်ဝင်သည်။ ဦးနှောက်ကျန်းမာစေပြီး သတိမေ့ရောဂါကိုသက်သာပျောက်ကင်းစေသည်။ သဘာဝ Phyto-chemicals များလုံလောက်စွာပါရှိနေ၍ အသားအရေကြည်လင်စေပြီး အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်သည်။ ထို့ပြင် အရေပြားကင်ဆာဖြစ်နိုင်ခြေအလားအလာကိုလျှော့ချပေးသည်။ လေချူသီးမကြာခဏစားပေးခြင်းဖြင့် အမြင်အာရုံတိုးတက်ကောင်းမွန်စေသည်။ သွားနှင့်သွားဖုံးကျန်းမာစေပြီး ခံတွင်းဆိုင်ရာပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်သည်။ အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်နေ့လျှင်လေချူသီးငါးလုံးမှန်မှန်စားပေးပါက သွေးအားနည်းရောဂါဖြစ်ပွားမှုကိုကာကွယ်ပေးသည်။

### ဩဇာသီးနှင့် ကျန်းမာရေး

ANNONA SQUAMOSA ဟု ရုက္ခဗေဒအမည်ရသော ဩဇာသီးသည် သဘာဝသကြားဓာတ်ပါရှိ၍ ချိုလည်းချို၊ မွှေးလည်းမွှေးသောကြောင့် ဩဇာသီးကို မကြိုက်သူရှားသည်။ အရသာရှိသည့်အပြင် လူသားတို့ကျန်းမာရေးကို အထောက်အကူဖြစ်စေသော အာဟာရဓာတ်များစုဝေးရာ အရင်းအမြစ်ဖြစ်သည်။ ကော့ပါးဓာတ်ချို့တဲ့သောမိခင်လောင်းသည် အချိန်မတိုင်မီမီးဖွားစေပြီး သွေးဖြူဥအားနည်းကာ အရိုးကျိုးလွယ်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်များသည် ကော့ပါးဓာတ်ကြွယ်ဝသော ဩဇာသီးကို အားဖြည့်စာအဖြစ် စားသုံးသင့်သည်။ ဩဇာသီးတွင် ကယ်လိုရီပမာဏမြင့်မားစွာပါရှိသည်။ ခန္ဓာကိုယ်သေးသွယ်သူများ ကိုယ်အလေးချိန်တက်လိုပါက ဩဇာသီးအနှစ်ကို ပျားရည်ဖြင့်ရော၍ စားသုံးပေးနိုင်သည်။ ဩဇာသီးထဲရှိပိုတက်စီယမ်အစွမ်းက ကြွက်သားများကိုခွန်အားဖြစ်စေသည်။

ဗီတာမင်ဘီ-၆၊ ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်ဓာတ်ပါရှိခြင်းကြောင့် နှလုံးကြွက်သားတွေကို ပြေလျော့စေပြီး နှလုံးအားနည်း၍ နှလုံးခုန်မမှန်ခြင်းနှင့် နှလုံးရောဂါဝေဒနာများအတွက် ဩဇာသီးက ကောင်းကျိုးပြုသည်။ ဗီတာမင်ဘီဓာတ်ချို့တဲ့မှုကြောင့် အရေပြားရောဂါ၊ လည်ချောင်းနာခြင်း၊ လျှာနာခြင်း၊ တက်ခြင်း၊ စိတ်ဓာတ်ကျစိတ်အားငယ်ခြင်းတို့ဖြစ်တတ်သည်။ ဗီတာမင်ဘီကြွယ်ဝသော ဩဇာသီးကိုစားပေးခြင်းဖြင့် ထိုရောဂါတို့ကို ကြိုတင်ကာကွယ်ထားနိုင်သည်။ နှစ်ခြိုက်စွာအိပ်မောကျစေသည်။ အမျှင်ဓာတ်အလုံအလောက်ပါရှိခြင်းကြောင့် အစာခြေစနစ်ကိုကောင်းမွန်စေသည်။ ထမင်းစားပြီးတိုင်း အစာကြေစေရန်အတွက် ဩဇာသီးစားပေးသင့်သည်။ လေပူထိုးခြင်း၊ လေနာရောဂါများနှင့် အစာအိမ်မကောင်း၍ မအီမသာဖြစ်ခြင်း၊ သွေးအန်ခြင်းတို့ကိုပျောက်ကင်းစေသည်။ မဂ္ဂနီစီယမ်အမြောက်အမြားပါရှိခြင်းကြောင့် ခန္ဓာကိုယ်ထဲရှိရေဓာတ်ကိုမျှတစေသည့်အပြင် အရိုး၊ အဆစ်များမှ အက်စစ်များကိုဖယ်ရှားပေးနိုင်၍ အဆစ်အမျက်ရောင်နာ ရောဂါအမျိုးမျိုးနှင့် ဂေါက်ရောဂါဖြစ်ပွားခြင်းမှကာကွယ်ပေးသည်။

ဩဇာသီးက ဆေးလိပ်သောက်သူများ၏ အဆုတ်တွင် နီကိုဒင်းအဆိပ်ဓာတ်ကိုဖြေဖျောက်ပေးကာ အဆုတ်သန့်စေသည်။ ဗီတာမင်စီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါရှိခြင်းကြောင့် ကိုယ်ခံစွမ်းအားကောင်းမွန်တိုးတက်စေကာ ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော free radicals များကို နှိမ်နင်းပေးသည်။ ဩဇာသီးထဲတွင် ဗီတာမင်အေပါရှိသောကြောင့် မှန်မှန်စားပေးခြင်းဖြင့် ဆံပင်၊ မျက်စိ၊ ခြေသည်း၊ လက်သည်းနှင့် အသားအရေတို့ကို ကောင်းကျိုးပြုပေးနိုင်သည်။ ဩဇာသီးထဲတွင် ပြည့်ဝဆီ၊ ကိုလက်စထရောနှင့် ဆိုဒီယမ်တို့ပါဝင်မှုနည်းပါးပြီး ကစီဓာတ်ကြွယ်ဝခြင်းကြောင့်လည်း ခွန်အားတိုးပွားစေကာ ကျန်းမာရေးအတွက်ဘက်စုံကောင်းမွန်သည်။ နာလန်ထစလူနာများ ဩဇာသီးစားပြီးနောက်အားပြန်ပြည့်စေသည်။ ဩဇာသီးထဲတွင် ကော့ပါးဓာတ်အမြောက်အမြားပါရှိ၍ သွေးထဲရှိဟေမိုဂလိုဘင်ကိုတိုးပွားစေပြီး သွေးအားကောင်းစေသည်။ ထို့ကြောင့် သွေးအားနည်းရောဂါသည်များ စားသုံးသင့်ကြောင်းဖော်ပြလိုက်ရပါသည်။

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၃၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၃၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၆၆၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ပဲတီစိမ်း ၁၂၆၆၁ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ပညာပေးတာတွေ ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ယခုနှစ် ကနီမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကနီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ် ကျိုက်ပါရွာမကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး


**ကျုံပျော် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်ပါကျေးရွာအုပ်စု ကျိုက်ပါရွာမကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစန္ဒာဌေးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျိုက်ပါရွာမကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ကွန်ကရစ်ဘီးလမ်းကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ထိန်းသိမ်းကြရန်မှာကြားခဲ့ကြောင်း သိရသည်။

ကျုံပျော်မြို့နယ် ကျိုက်ပါရွာမကျေးရွာ၌ လမ်းတစ်ဖက်စီလျှင် အရှည် ပေ ၉၆၀၊ အကျယ်နှစ်ပေခြောက်လက်မ၊ အမြင့်ခြောက်လက်မရှိသော ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၃ သန်း စုစုပေါင်းငွေကျပ် ၁၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၁၅ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစန္ဒာဌေးထံမှ သိရသည်။

**ချိုလေး**









## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃/ခ)၊ ဦးပိုင်အမှတ်(၆၈)ရှိ ဦးသိန်းအောင် မြေကွက်ပေါ်တွင် ဒေါ်တင်တင်ငြိမ်း(၉/မခန(နိုင်)၁၀၈၆၈၃)ကိုင်ဆောင်သူမှ (အလျား ၁၄'-၀" x အနံ ၂၈'-၀") အိမ် (၂)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်(F-၈၈)ရှိ မြေကွက်ပေါ်တွင် ဦးမင်းမင်းမြတ်(၉/မခန(နိုင်)၂၀၅၅၉၀)ကိုင်ဆောင်သူမှ အလျား ၁၀'-၀"၊ အနံ ၁၀'-၀" St (၁)ထပ်နှင့် အလျား ၄၀'-၀"။ အမြင့် ၅'-၆"ရှိ ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး၊ ဝန်းခြံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ (C1-၃)ရှိ မြေကွက်ပေါ်တွင် ဦးအောင်စန်းဝင်း(၉/မခန(နိုင်)၂၀၂၆၁၂)ကိုင်ဆောင်သူမှ အလျား ၂၅'-၀"၊ အနံ ၂၅'-၀" ရှိ အိမ်(၁)ထပ် အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပါ။

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်(F-၁၇)ရှိ မြေကွက်ပေါ်တွင် ဦးညွန့်ဝင်း(၉/မခန(နိုင်)၁၇၃၀၂၁)ကိုင်ဆောင်သူမှ (အလျား ၃၆'-၀" x အနံ ၂၈'-၀") RC (၂)ထပ် အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၃၆-က)ရှိ မြေကွက်ပေါ်တွင် ဒေါ်ခိုင်ဇင်မိုး(၉/မခန(နိုင်)၂၆၀၇၇၁) ကိုင်ဆောင်သူမှ (အလျား ၁၂၀'-၀"၊ အမြင့် ၅'-၆") ရှိ ဝန်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းဝန်းခြံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်းမှ Grade-7 အောင်မြင်ခဲ့သော (ဘ) ဦးသန်းဇော်၏သား မောင်အောင်ပြည့်ဖြိုး၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၃၀-၉-၂၀၁၂ ဖြစ်ပါကြောင်း။ ၃၀-၉-၂၀၁၂

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၁၉)နေ မဖြူဖြူခိုင် (ဘ) ဦးလောက်အေ မှတ်ပုံတင်အမှတ်(၁၃/လရန(နိုင်)၂၃၄၂၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-551288)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-696343938

## အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



❖ နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ**

စာမျက်နှာ - ၁၈





ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လွှန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွှန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် လွှန်ပရာဘန်မြို့သို့ထွက်ခွာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတရုံးဝန်ကြီး မစ္စစ် ဖွန်းစမွတ် အန်လာဝန် ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ

စာမျက်နှာ ၁၆ ကော်လံ ၁ ☆




## ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၅

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပဉ္စမနေ့ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့Linking Event–3 အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကိုမြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

## မြန်မာ U-20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U-20 အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲများ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၅

2027 AFC U–20 Asian Cup Development(အုပ်စု K)ပြိုင်ပွဲ အကြိုခြေစမ်းပွဲ ဒုတိယပွဲစဉ်အဖြစ် မြန်မာ U –20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U –20 အမျိုးသားဘောလုံးအသင်းတို့ ဇူလိုင် ၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်ပြီး MRTV–HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၅

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ●

